ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၇ ရက်၊ ဗုဒ္ဓဟူးနေ့ (25-6-2008) (၅၇၂၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဧရာဝတီတိုင်းအတွင်း မုန်တိုင်းကြောင့် ပျက်စီးသည့်စိုက်ပျိုးမြေကေမှာ အနည်းစုသာဖြစ် လက်တွန်းထွန်စက်များဖြင့် ထွန်ယက်နိုင်ရေး၊ မျိုးစပါးရရှိရေးအပါအဝင် လိုအပ်သည်များ ပံ့ပိုးပေးနေ တာဝန်ရှိသူများအနေဖြင့် မိမိခရိုင်၊ မြို့နယ်အလိုက် စိုက်ကေများ အပြည့်အဝ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းတိုးတက်ရေးတို့အတွက် လိုအပ်သည်များကို ကွင်းဆင်းကြီးကြပ်ကူညီဆောင်ရွက်

နေပြည်တော် ဇွန် ၂၄

ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသည့် အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ယနေ့ နံနက် ၈ နာရီခွဲတွင် ပုသိမ်မြို့မှ မော်လမြိုင်ကျွန်းမြို့သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား နယ်မြေခံတပ်ရင်း ခန်းမဆောင်၌ မော်လမြိုင်ကျွန်းမြို့နယ် တည်ဆောက်ရေးလုပ်ငန်းများကို အနီးကပ် ကြီးကြပ် ဆောင်ရွက်လျက်ရှိသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် စားရိက္ခာအပါအဝင် ပံ့ပိုးပစ္စည်းများ ထောက်ပံ့မှု၊ မျိုးစပါးလိုအပ်ချက်နှင့်ရရှိပြီးသော မျိုးစပါးများကို တောင်သူလယ်သမားများအား ဖြန့်ဝေပေးထားမှု၊ လက်တွန်းထွန်စက်များရောက်ရှိမှု၊ မိုးစပါးစိုက်ပျိုးရေးအတွက် ထွန်ယက်မှု၊ ပျိုးထောင်မှုနှင့် စိုက်ပျိုးမှုအခြေအနေများ၊ အခြေခံပညာကျောင်းများ ပျက်စီးမှုများကို ပြန်လည်ပြင်ဆင်ပြီးစီးမှုများနှင့် ကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်စာသင်ကြားနေမှုများ၊ ပျက်စီးသည့် ဆေးရုံ၊ ဆေးခန်းများ ပြုပြင်ပြီးစီးမှု၊ ရုပ်မြင်သံကြား အစီအစဉ်များ ကြည်လင်ပြတ်သားစွာ ကြည့်ရှုနိုင်ရေးအတွက် ထပ်ဆင့်လွှင့်စက် တပ်ဆင်ပြီးစီးမှုများအပါအဝင် မော်လမြိုင်ကျွန်းမြို့နယ် ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်း **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

ပြင်စလူမြို့ ပြန်လည်တည်ဆောက်ရေး ပံ့ပိုးပစ္စည်းများ ရေယာဉ်ဖြင့် ပို့ဆောင်

ရန်ကုန် ဇွန် ၂၄

ပြင်စလူမြို့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန် သွပ်အချပ် ၄၃၀၀ နှင့် အိမ်ဆောက်ပစ္စည်းများ၊ မျိုးစပါး တစ်တင်းခွဲအိတ် ၂၉၉၂ အိတ်၊ စားသောက်ကုန်များ၊ အဝတ်အထည်များနှင့် ပြင်စလူမြို့ရှိ ရေငန်တားတမံများ ပြုပြင်ရန် စက်ယန္တရားများ တင်ဆောင်ထားသော မောင်မြန်မာ (၈)ရေယာဉ်သည် ယနေ့ မွန်းလွဲပိုင်းတွင် လပွတ္တာမြို့မှ ပြင်စလူမြို့သို့ ထွက်ခွာသွားကြောင်း သိရှိရသည်။ (သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ဒေသများသို့ ထောက်ပံ့ရေးပစ္စည်းများ လက်ဝယ်အရောက် လှူဒါန်း

ရန်ကုန် ဇွန် ၂၄

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက လေဘေးသင့်ဒေသများသို့ ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဝေလှူဒါန်းလျက်ရှိရာ ယနေ့ နံနက် ၁၀နာရီတွင် မော်လမြိုင်ကျွန်းမြို့နယ် ကြက်ခြေနီအသင်းမှ တပ်ဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့နယ် ရှောက်ချောင်းကျေးရွာအုပ်စု ရွာလည်ချောင်းကျေးရွာရှိ အိမ်ထောင်စု ၁၂၂ စုနှင့် မိဘမဲ့ ကလေးခြောက်ဦးတို့အတွက် တစ်အိမ်ထောင်လျှင် မီးဖိုချောင်သုံး အိုးခွက်၊ ပန်းကန်၊ ဇွန်း၊ ခက်ရင်း၊ ဓား(စတီးပစ္စည်းစုံ)၊ ဆပ်ပြာ၊ ဖိနပ်၊ ရေသန့်ဆေးပြား၊ ရေဘူး၊ စောင်၊ သကြား၊ အိုဗာတင်းနှင့် ဓာတ်ဆားမှုန့်တို့ကိုလည်းကောင်း၊ ကျေးရွာမူလတန်းကျောင်းအတွက် တာပေါ်လင်နှစ်စကိုလည်းကောင်း လက်ဝယ်အရောက် သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကြည့်ရှုမေးမြန်း

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ် ချုပ် ကြီး သိန်း စိန် လပွတ္တာမြို့နယ် ပိုးလောင်းကျေးရွာ ပြည်သူများအား ကျေးရွာ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ထားမှုများကို ကြည့်ရှုမေးမြန်းစဉ်။

(သတင်းဖော်ပြပြီး)(သတင်းစဉ်)

ကြေးမုံ The Mirror
၂၅-၆-၂၀၀၈
(ဗုဒ္ဓဟူးနေ့)

အင်းလေးကန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ရေပေါ်စံပြကျေးရွာများ တိုးချဲ့ဖွင့်လှစ်

နိုင်ငံတော်အစိုးရက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးနေသည်။ စိုက်ပျိုးရေးနှင့် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေး အပါအဝင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်စေရေးတို့အတွက် အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ပေးလျက်ရှိသည်။

အချို့ကျေးရွာများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ကိုယ့်အားကိုယ်ကိုး ကျေးလက်မီးလင်းရေး အပါအဝင် ကျောင်းဆောင်သစ်၊ စာကြည့်တိုက်နှင့် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းတို့ကို ပြည့်စုံစွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ရာ ကျေးလက်ဖွံ့ဖြိုးမှုကို ဖော်ညွှန်းနေသည့် စံပြကျေးရွာများ တိုးပွားလာလျက်ရှိသည်။

ညောင်ရွှေမြို့နယ် အင်းလေးဒေသရှိ ကျေးရွာသောက်သုံးရေသန့်နှင့် မိလ္လာသန့်စနစ်အသုံးပြု စံပြကျေးရွာဖွင့်ပွဲကို ဇွန်လ ၁၅ ရက်နေ့က ကျေးစား(မြောက်)ရွာ အင်းလေးကန်ရေပြင်၌ ကျင်းပခဲ့သည်။ အဆိုပါကျေးရွာတွင် သောက်သုံးရေသန့်ရရှိစေရန် ရွာအနောက်မြောက်ဘက်ရှိ စိမ့်စမ်းရေထွက်မှရေကို အရှည်ပေ ၇၅၀၀ ရှိသော ရေပိုက်ဖြင့် သွယ်တန်းပြီး ရေပေါ်ဘုံပိုင်များဖြင့် စီမံပေးထားခြင်းဖြစ်သည်။

ထို့အပြင် ဇီဝဩဇာသုံး ဖိုင်ဘာကွန်ကရစ်မိလ္လာအိုးများနှင့် မိလ္လာကန်သန့် အနံ့ဆိုးပျောက်ဇီဝဩဇာဆေးများ သုံးစွဲသည့် မိလ္လာစွန့်စနစ်အသုံးပြု စံပြကျေးရွာအဖြစ် ထူထောင်ထားခြင်းဖြစ်ရာ အင်းလေးကန်ရေပြင်ညစ်ညမ်းမှု မရှိစေရေးအတွက် အကျိုးသက်ရောက်မှုရှိမည်ဖြစ်သည်။

ယခုအခါ အဆိုပါစံပြကျေးရွာတွင် အိမ်ခြေသုံးရာကျော်ရှိပြီး စိမ့်စမ်းရေသွယ်စနစ် ရေပိုက်များမှတစ်ဆင့် သောက်သုံးရေသန့်များ ရရှိသုံးစွဲနိုင်ကြပြီး ဇီဝဩဇာသုံး ဖိုင်ဘာမိလ္လာအိုးများကို အသုံးပြုလျက်ရှိသည်။ အလားတူ အင်းလေးဒေသရှိ ရေပေါ်ကျေးရွာ ၃၀ တို့တွင်လည်း ဇီဝဩဇာသုံး ဖိုင်ဘာမိလ္လာအိုးများ အသုံးပြုနိုင်ရေး ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အင်းလေးဒေသရှိ ကျေးရွာအများအပြားသည် ရေပေါ်ကျေးရွာများဖြစ်ရာ ဒေသခံပြည်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ဓာတုဇီဝဓာတ်မြေဩဇာများအစား သဘာဝမြေဆွေး၊ မြေဩဇာပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးများ ထုတ်လုပ်သုံးစွဲခြင်း၊ ရေသန့်နှင့် မိလ္လာသန့်စနစ် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာခြင်းတို့ဖြင့် အင်းလေးကန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြည်သူများ ကျန်းမာသန့်ရှင်းရောဂါဘယကင်းဝေးရေးအတွက် ပိုမိုအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ ။

အ-ထ-က(၁) မြောက်ဥက္ကလာ ကျောင်းသားဟောင်းများအသင်း၏ လေဘေးဒဏ်ခံရသော ဆရာ၊ ဆရာမဟောင်းများနှင့် ကျောင်းသားဟောင်းများအား လှူဒါန်းထောက်ပံ့ပွဲတွင် လေဘေးသင့်ခဲ့သော အငြိမ်းစားဆရာမ ဒေါ်သိန်းကြည်အား ကျောင်းသားဟောင်းအသင်းဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးအောင်ကြည်မြင့်က အိမ်ဆောက်ပစ္စည်း၊ အဝတ်အထည်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဒေးဒရဲမြို့နယ်ကျေးရွာများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရေငန်ဝင်မှုမှ အကာအကွယ်ပေးသော ဒေးဒရဲမြို့နယ် တိုးကျေးရွာနှင့် ဆားကျင်းကျေးရွာအကြားရှိ ကျိုးစုတ်လယ်သမားတာအား စက်ယန္တရားဖြင့် ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

နေပြည်တော် ဇွန် ၂၄

ဒေးဒရဲမြို့၌ အခြေပြု၍ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဇွန် ၂၂ ရက်တွင် ဒေးဒရဲမြို့မှ တိုးမြစ်ကြောင်းလမ်းအတိုင်း စက်လှေများဖြင့် ဆားကျင်းကျေးရွာသို့ရောက်ရှိပြီး ယာယီရွက်ဖျင်တဲများ၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ရေငန်ဝင်မှုမှ အကာအကွယ်ပေးသော တိုးကျေးရွာနှင့် ဆားကျင်းကျေးရွာအကြားရှိ ကျိုးစုတ်လယ်သမားတာကို စက်ယန္တရားဖြင့် ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက တာပေါင်ဖို့ခြင်းလုပ်ငန်းများ အမြန်ပြီးစီးရေး ဆောင်ရွက်ရန်နှင့် ဆက်စပ်လျက်ရှိသော တမာတကောတာကို အချိန်မီပြီးစီးစေရေး မှာကြားသည်။ အဆိုပါတာဖို့ခြင်းလုပ်ငန်းပြီးစီးပါကလယ်ယာမြေဧက ၂၀၀၀၀ ကျော်ကို ရေငန်ဝင်ရောက်မှုမှ တားဆီးနိုင်မည်ဖြစ်သည်။

ထို့နောက်ဝန်ကြီးသည် တိုးကျေးရွာသို့သွားရောက်၍ အမြဲတမ်းအဆောက်အအုံ ဆောက်လုပ်မည့်နေရာကို ရွေးချယ်သတ်မှတ်ပေးပြီးအမြန်အကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ရန်ကုန်မြို့မှ အထူးကုဆရာဝန်များ၏ ကျေးရွာရှိ လူနာများအား ကျန်းမာရေးစောင့်ရှောက် ဆေးကုသပေးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဝန်ကြီးသည် ဆားကျင်းကျေးရွာ သစ္စာအောင်မြေဘုန်းကြီးကျောင်း ဆရာတော်အား ဖူးမြော်ကြည်ညိုကာ ဓမ္မာရုံပြန်လည်ဆောက်လုပ်ရန်အတွက် ဆောက်လုပ်ရေးပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက်ဝန်ကြီးသည် ဒေးဒရဲမြို့ မြို့မဈေးကြီးနှင့် ဓမ္မာရုံ ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုန်တိုင်းသင့်ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေထံ ကျိုက်လီယာမွတ်စလင်မ် သာရေးနာရေးအဖွဲ့ (ဗိုလ်ဆွန်ပက်လမ်း)က ငွေကျပ် ၂၅ သိန်း ပေးအပ်လှူဒါန်းစဉ်။

(ဘဏ္ဍာ/အခွန်)

ရန်ကုန် ဇွန် ၂၄

မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်တွင်းပြည်ပမှစေတနာရှင်၊ အလှူရှင်များက အလှူငွေများကိုဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာနသို့ လာရောက်လှူဒါန်းကြသောအလှူငွေများကိုဘဏ္ဍာငွေလက်ခံရေးနှင့်ထုတ်ပေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေက လက်ခံသည်။

ဇွန် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် လှူဒါန်းကြသော အလှူရှင်များမှာ ဦးရင်စိန်နှင့် ဒေါ်တင်ဝင်း (ကမာရွတ်မြို့နယ်)တို့က ငွေကျပ်၃၅၀၀၀၊ ဦးကြီးမြင့်(ကော့ဝင်းကျေးရွာ၊ ဝေါမြို့နယ်)က ငွေကျပ်တစ်သောင်း၊ ဦးသန်းတင့်နှင့်ဒေါ်ညွန့်ယဉ်မိသားစု(ပုဇွန်တောင်မြို့နယ်)ကငွေကျပ်တစ်သိန်း၊ ကျိုက်လီယာမွတ်စလင်မ် သာရေးနာရေးအဖွဲ့ (ဗိုလ်ဆွန်ပက်လမ်း)ကငွေကျပ်၂၅သိန်း၊ MTM Co., Ltd က ငွေကျပ်သုံးသောင်း၊ဦးစိုးတင့်နှင့်ဒေါ်တင်တင်မြင့်မိသားစု(ဒဂုံမြို့နယ်)ကငွေကျပ်နှစ်သောင်း၊ မိဘများအမှူးထား၍ ဗိုလ်ကြီးမျိုးမြင့်လေးနှင့် ဒေါ်အေးမြတ်စိုး၊ သားဥက္ကာမျိုးမြင့်မိသားစု (မင်္ဂလာတောင်ညွန့်မြို့နယ်)က ငွေကျပ်ငါးသောင်း၊ မြဝတီ နယ်စပ်ကယ်ဆယ်ရေးပစ္စည်းများ လက်ခံရေးစခန်းမှတစ်ဆင့် ငွေကျပ် ၁၃၆၉၀၀ တို့ဖြစ်သည်။

ဇွန် ၁၀ရက်တွင် လှူဒါန်းကြသော အလှူရှင်များမှာ ဗိုလ်မှူးကြီး ဆန်းအောင်(ငြိမ်း)နှင့် ဒေါ်ခင်ဌေးကြည်မိသားစု ရွှေပြည်သာမြို့နယ်က ငွေကျပ်၁၁၁၅၀၀၊ လျှောင်စန်တောင်ဘုရားကျောင်း (လသာမြို့နယ်)က ငွေကျပ်သိန်း၂၀၊ အင်းစိန် စူဠာမဏိဘုရားကျောင်း လူမှုရေးအသင်းက ငွေကျပ်ငါးသိန်း၊ ဒုတိယဗိုလ်မှူးကြီး ကြည်စိန်(ငြိမ်း)နှင့် ဒေါ်အေးအေးမြင့်၊ သမီး မသန်းသန်းထွေးမိသားစု (ဗဟန်းမြို့နယ်)က ငွေကျပ်နှစ်သိန်း၊ ဦးကျော်ဇေယျနှင့် ဒေါ်သီတာနွယ်တို့၏သား မောင်ဝဏ္ဏသစ်လွင်၏ သုံးနှစ်မြောက်မွေးနေ့အလှူ (ရေးမြို့)က ငွေကျပ်ငါးသောင်း၊ ကချင်ပြည်နယ်အတွင်းရှိ ပြည်သူများက ငွေကျပ် ၆၉၅၂၂၄၆၁၀၊ ဆော်ဒီအာရေဗျနိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့် အခြားအလှူရှင်များက အမေရိကန်ဒေါ်လာ ၁၉၆၂၉၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံအစိုးရက ယူရိုငွေ ၆၄၆၂၀ ဒသမ ၃၆၊ ပြည်ပရောက်မြန်မာနိုင်ငံသားများ၊ တရုတ်နိုင်ငံသားများနှင့် ကုမ္ပဏီများ (ကူမင်း)က အမေရိကန်ဒေါ်လာ ၁၀၅၀၀၊ ပြည်ပရောက် မြန်မာနိုင်ငံသားများ (ဂျကာတာ၊ အင်ဒိုနီးရှား)က အမေရိကန်ဒေါ်လာ ၄၅၄၄ နှင့်The Buddhist Academy of Pannasastra (Cambodia) က အမေရိကန်ဒေါ်လာ ၆၀၀၀ တို့ ဖြစ်သည်။

ဇွန် ၂၂ ရက်တွင် လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၂၀၃၈၁၉၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ်၊ ကုလသမဂ္ဂအာရှနှင့်ပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် အမှုဆောင်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၄

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် မြန်မာနိုင်ငံ၌ရောက်ရှိနေသည့် ကုလသမဂ္ဂ ဒုတိယ အတွင်းရေးမှူးချုပ်၊ ကုလသမဂ္ဂအာရှနှင့်ပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် အမှုဆောင်အတွင်းရေးမှူး (UN Under Secretary General and UNESCAP Executive Secretary) Ms. Noeleen Heyzer နှင့် အဖွဲ့ဝင်များအား ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

လက်ခံတွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကုလသမဂ္ဂဒုတိယ အတွင်းရေးမှူးချုပ်၊ ကုလသမဂ္ဂ အာရှနှင့်ပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် အမှုဆောင်အတွင်းရေးမှူး (UN Under Secretary General and UNESCAP Executive Secretary) Ms. Noeleen Heyzer နှင့်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

လေဘေးသင့်ဒေသများ၌ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များက ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်

နေပြည်တော် ဇွန် ၂၄

လေဘေးသင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်က ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၃ရက်တွင် ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့ဝင်များမှ အထူးဆေးတပ်ဖွဲ့ တစ်ဖွဲ့သည် လပွတ္တာမြို့နယ်(၃)မိုင်စခန်း၊ (၅)မိုင်စခန်းနှင့် ရတနာဒီပအားကစားကွင်းတို့၌ ဆက်လက်အခြေပြု၍ ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဘိုကလေးမြို့နယ်အခြေပြု အထူးဆေးတပ်ဖွဲ့သည် ကြိမ်ချောင်းကြီး၊ ကျွန်းသာယာနှင့်သရော်ချောင်းကျေးရွာများသို့ သွားရောက်၍ ကျေးရွာရှိဒေသခံပြည်သူများအား ကျန်းမာရေးစွမ်းဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။

ထို့အတူ မြောင်းမြ၊ ဖျာပုံ၊ ပုသိမ်၊ ဟိုင်းကြီးကျွန်းနှင့် ငပုတော မြို့နယ်များရှိ အထူးဆေးတပ်ဖွဲ့များသည် နယ်မြေဒေသအလိုက် ရောဂါကာကွယ်ရေးနှင့် ဆေးကုသရေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့်အတူ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဘေးသင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် တပ်မတော်(လေ)က ပါဝင်ဆောင်ရွက်နေ

နေပြည်တော် ဇွန် ၂၄

လေဘေးသင့်ဒေသ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို တပ်မတော်(လေ)က ဆက်လက်ပါဝင်ဆောင်ရွက်လျက်ရှိရာ ဇွန်၂၃ရက်တွင် ဖျာပုံ၊ ကျုံကဒွန်း၊ဒေါ်ညိမ်း၊ မိန်းမလှကျွန်း၊ ကဒုံကနိ၊ ပိုးလောင်း၊ လပွတ္တာ၊ ပုသိမ်၊ ပြင်စလူ၊ စလူဆိပ်ဒေသများသို့ တပ်မတော်ရဟတ်ယာဉ်များဖြင့် ထောက်ပံ့ရေးပစ္စည်းများကို ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အထိ ထောက်ပံ့ရေးပစ္စည်း တန်ချိန်၄၈၇ဒသမ၅၄တန်ကို လေဘေးသင့်ဒေသများသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး အိန္ဒိယသမ္မတနိုင်ငံမှMinister of State for Commerce and Power, H.E. Mr.Shri Jairam Ramesh အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် မြန်မာနိုင်ငံ၌ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံမှ Minister of State for Commerce and Power, H.E. Mr.Shri Jairam Ramesh အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့တက်ရောက်ကြပြီး အိန္ဒိယ သမ္မတနိုင်ငံမှ Minister of State for Commerce and Power, H.E. Mr.Shri Jairam Ramesh နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra လည်းတက်ရောက်သည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး အိန္ဒိယသမ္မတနိုင်ငံမှ Minister of State for Commerce and Power, H.E. Mr. Shri Jairam Ramesh အား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့
စတုတ္ထအကြိမ်ညီလာခံ
ဗဟိုဦးစီးအဖွဲ့အစည်းအဝေး
၂၈-၆-၂၀၀၈ ကရဝိက်နန်းတော်

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

အိန္ဒိယသမ္မတနိုင်ငံမှ Minister of State for Commerce and Power, H.E. Mr.Shri Jairam Ramesh နှင့်အဖွဲ့ ရောက်ရှိ

ရန်ကုန် ဇွန် ၂၄

အိန္ဒိယသမ္မတနိုင်ငံမှ Minister of State for Commerce and Power, H.E. Mr. Shri Jairam Ramesh **ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၂ ရက်နံနက် ၈ နာရီမိနစ် ၄၀ တွင်ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့်ရောက်ရှိလာကြရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး သူရိန်ဇော်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး** H.E. Mr. Bhaskar Kumar Mitra **တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။**

ထို့နောက် ညနေ့သည်အိန္ဒိယသမ္မတနိုင်ငံမှ H. E. Mr. Shri Jairam Ramesh သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများနှင့်အတူ ပဲခူးမြို့သို့ သွားရောက်ပြီး ရွှေသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ ကမ္ဘောဇသာဒီ ရွှေနန်းတော်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ညနေ့သည် H.E.Mr. Shri Jairam Ramesh သည် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိပြီး ရွှေတိဂုံစေတီတော်မြတ်သို့ သွားရောက်၍ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သော စေတီတော်ပရဝဏ် အတွင်းရှိ သာသနိကအဆောက်အအုံများပြုပြင်ရန် အလှူငွေ အမေရိကန်ဒေါ်လာ နှစ်သိန်းကို ပေးအပ်လှူဒါန်းရာ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က လက်ခံကာ ရွှေတိဂုံစေတီတော်မြတ်ပုံတော်ကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ထို့နောက် ညနေ့သည် H.E.Mr. Shri Jairam Ramesh သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်ပူဇော်၍ လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုသည်။ (သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ အိန္ဒိယသမ္မတနိုင်ငံမှ Minister of State for Commerce and Power,H.E. Mr.Shri Jairam Ramesh **က ရွှေတိဂုံစေတီတော်ရှိ သာသနိကအဆောက်အအုံများ ပြုပြင်ရန် အလှူငွေ အမေရိကန်ဒေါ်လာနှစ်သိန်းကို ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ စစ်တွေမြို့၌ လေ့လာ

ရန်ကုန် ဇွန် ၂၄

အိန္ဒိယသမ္မတနိုင်ငံမှ Minister of State for Commerce and Power, H.E. Mr. Shri Jairam Ramesh **ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၃ ရက် နံနက်ပိုင်းတွင် မြန်မာ့လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ရောက်ရှိကြရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရဲနိုင်အောင်နှင့်တာဝန်ရှိသူများက စစ်တွေလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။**

ယင်းနောက် ကုလားတန်မြစ် ဘက်စုံပို့ဆောင်ရေး စီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို နံနက် ၉ နာရီတွင် စစ်တွေဟိုတယ် ဧည့်ခန်းမဆောင်၌ ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်စိုး၊ ပို့ဆောင်ရေး ဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အိန္ဒိယသမ္မတနိုင်ငံမှ H. E. Mr. Shri Jairam Ramesh နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်နှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အထွေထွေမန်နေဂျာ ဦးချိုသန်းမောင်တို့က ကုလားတန်မြစ် ဘက်စုံပို့ဆောင်ရေး စီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး အိန္ဒိယသမ္မတနိုင်ငံမှ H.E. Mr. Shri Jairam Ramesh က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြကာ မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် H. E. Mr. Shri Jairam Ramesh သည် တာဝန်ရှိသူများနှင့်အတူ စစ်တွေမြို့ရှိ ကုလားတန်မြစ် ဘက်စုံပို့ဆောင်ရေးစီမံကိန်း တည်ဆောက်ရန် လျာထားသည့် ဆိပ်ကမ်းနေရာများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ညနေ့သည် အိန္ဒိယသမ္မတနိုင်ငံမှ H.E. Mr. Shri Jairam Ramesh နှင့် အဖွဲ့အား ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရဲနိုင်အောင်က စစ်တွေဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် ညနေ့သည် အိန္ဒိယသမ္မတနိုင်ငံမှ H. E. Mr. Shri Jairam Ramesh နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီတွင် သက်ဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် 'မေခ' ရေယာဉ်ဖြင့် ကုလားတန်မြစ်ကြောင်း တစ်လျှောက် လှည့်လည်ကြည့်ရှုလေ့လာကြသည်။ ယင်းနောက် ညနေ့သည်အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိ ရခိုင်ပြည်နယ် ယဉ်ကျေးမှုပြတိုက်ကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး စစ်တွေမြို့ရှိ လောကနန္ဒာစေတီတော်အား ဖူးမြော်ကြည်ညိုကာ စေတီတော် ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ညနေ့သည်တော် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇွန် ၂၄

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ထိုင်းနိုင်ငံ အခြေစိုက် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)မှ လှူဒါန်းသော ထောက်ပံ့ရေး ပစ္စည်းများ စုစုပေါင်း ၇၄ ဒသမ ၅၈ တန်၊ မလေးရှားနိုင်ငံ အခြေစိုက် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းမှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၇၈ ဒသမ ၄၅ တန်နှင့် စပိန်နိုင်ငံ ကြက်ခြေနီအသင်းမှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း ၁၄ ဒသမ ၉၆ တန်တို့သည် ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။

(သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ



အိန္ဒိယသမ္မတနိုင်ငံမှ Minister of State for Commerce and Power, H.E.Mr.Shri Jairam Ramesh နှင့် အဖွဲ့ဝင်များ စစ်တွေမြို့ရှိ ကုလားတန်မြစ် ဘက်စုံပို့ဆောင်ရေးစီမံကိန်း တည်ဆောက်ရန်လျာထားသည့် ဆိပ်ကမ်းနေရာများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ရောဝတီတိုင်း လပွတ္တာမြို့နယ် ပြင်စလူမြို့ ကိုင်းသောင်ကျေးရွာ၌ လေဆင်နှာမောင်းတိုက်ခတ်ပြီး ရွာလုံးကျွတ်ပျောက်ဆုံးခဲ့သည်ဟု မိုးလုံးပြည့်မုသာဝါဒီ VOA က မဟုတ်မမှန်လီဆယ်လုပ်ကြံ သတင်းထုတ်လွှင့်ခဲ့၊ ကိုင်းသောင်ကျေးရွာနေပြည်သူများ ကျန်းမာစွာနေထိုင်လျက်ရှိ

နေပြည်တော် ဇွန် ၂၄

မိုးလုံးပြည့်မုသာဝါဒီ အဆိုးမြင်အသံလွှင့်ဌာနများအနက်မှ တစ်ခုဖြစ်သော VOA အသံလွှင့်ဌာနသည် မြန်မာပြည်သူများက သတ်မှတ်ပေးထားသည့် "VOA လိမ်နေသည်" ဆိုသည့်အတိုင်းပင် ပြည်သူများထင်ယောင်ထင်မှားဖြစ်စေရန် အကြံဆိုးဖြင့် သတင်းမှားတစ်ပုဒ်ကို ၂၀၀၈ ခုနှစ် ဇွန် ၂၃ ရက် ညပိုင်းက လီဆယ်လုပ်ကြံ ထုတ်လွှင့်သွားခဲ့သည်။

အဆိုပါသတင်းမှာ ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ပြင်စလူမြို့ ကိုင်းသောင်ကျေးရွာ၌ မေ ၁၉ ရက်က သဲများ၊ မြေကြီးများသယ်ဆောင်လာသည့် လေဆင်နှာမောင်းကြီးတစ်ခု တိုက်ခတ်ခဲ့ကြောင်း၊ ထိုလေဆင်နှာမောင်းကြောင့် တစ်ရွာလုံးအသက်ရှင်သူမကျန်ရှိအောင် အိမ်များအားလုံးကို မြေကြီးများဖုံးလွှမ်းခဲ့ကြောင်း စသည်ဖြင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေမည့် အသုံးအနှုန်းများဖြင့် ထုတ်လွှင့်သွားခဲ့သည်။

သတင်းအမှန်မှာ ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ပြင်စလူမြို့ ကိုင်းသောင်ကျေးရွာ၌ နာဂစ်မုန်တိုင်းဒဏ်ကြောင့် အိမ်ခြေ ၃၀၀ ခန့်ပျက်စီးခဲ့ကြောင်း၊ မုန်တိုင်းကြောင့် အသေအပျောက်လုံးဝမရှိခဲ့ကြောင်း၊ မုန်တိုင်းပြီးဆုံးပြီးနောက် နိုင်ငံတော်မှ ပြန်လည်ထူထောင်တည်ဆောက်ပေးခဲ့ရာတွင် ယခုအခါ အိမ်ခြေအားလုံး ပြန်လည်တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ လက်ရှိလူဦးရေ ၃၇၄၄ ဦး ကျန်းမာစွာနေထိုင်လျက်ရှိကြောင်းသိရှိရပြီး VOA က မဟုတ်မမှန်လီဆယ်လုပ်ကြံထုတ်လွှင့်ခဲ့သကဲ့သို့ ကိုင်းသောင်ကျေးရွာ၌ မေ ၁၉ ရက်တွင်မည်သည့်လေဆင်နှာမောင်းမျှ တိုက်ခတ်မှုမရှိခဲ့သည့်အပြင် ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေကြေပျက်စီးမှုလုံးဝမရှိခဲ့ကြောင်း စုံစမ်းသိရှိရသည်။

VOA သတင်းဌာနအပါအဝင် မိုးလုံးပြည့်မုသာဝါဒီ အဆိုးမြင်သတင်းဌာနများသည် မမှန်သက်သေများ၊ သက်သေအတုအယောင်များဖြင့် လီဆယ်သတင်းများလုပ်ကြံဖန်တီး ထုတ်လွှင့်လေ့ရှိသည့်အပြင် ယခုကဲ့သို့ လုံးဝအခြေအမြစ်မရှိသည့် သတင်းမှားများကိုလည်း ထုတ်လွှင့်လေ့ရှိကြောင်း၊ ၎င်းတို့၏ထုတ်လွှင့်ချက်များကို အသိတရားဖြင့် ချင့်ချိန်နားထောင်ကြရန်လိုကြောင်းစသည်ဖြင့် ပြည်သူများအတွင်း သုံးသပ်ပြောဆိုလျက်ရှိကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူဖွင့်လှစ်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၄

၂၀၀၈ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်မြေစိုက်ပိုစတာစိုက်ထူဖွင့်လှစ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှေ့ဥပစာ၌ ကျင်းပသည်။

အဆိုပါ မြေစိုက်ပိုစတာ စိုက်ထူဖွင့်လှစ်ပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အတွင်းရေးမှူး အဖွဲ့ဝင်များ၊ ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီးနှင့် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် မြို့နယ်များရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ စုစုပေါင်းအင်အား ၁၀၀၀ခန့် တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရမြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး ၂၀၀၈ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၆-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၃၀ ၄။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄း၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၅း၂၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅း၃၀ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၅း၄၀ ၉။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅း၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၄။ **ကာတွန်းအစီအစဉ် ကျားကလေးရဲ့ မွေးရပ်မြေ (အပိုင်း-၆)**
- ၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ဒိုးဒိုးဒေါက်ဒေါက် ဘုန်းဘောက် အပိုင်း(၁၁)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေး တေးကဗျာ
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -အဖြူရောင် မြွေမင်းသမီးလေး အပိုင်း(၂၄)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

၂၀၀၈ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ စိစစ်ရွေးချယ်

ရန်ကုန် ဇွန် ၂၄

၂၀၀၈ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြု သောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က စီစဉ်ကျင်းပသော ရောင်စုံဓာတ်ပုံပြိုင်ပွဲ၏ စိစစ်အကဲဖြတ်ခြင်းအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ ဓာတ်ပုံပညာရှင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များက ယနေ့ နံနက် ၁၀နာရီခွဲတွင် အမှတ် ၂၂-၂၄၊ ပန်းဆိုးတန်းလမ်းရှိ ရန်ကုန်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဆောင်ရွက်ခဲ့သည်။**(အောက်ပုံ)**

အဆိုပါပြိုင်ပွဲကို **"ယဉ်ကျေးလှပ မြန်မာအမျိုးသမီးများဘဝ"**ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပြီး မြန်မာနိုင်ငံတစ်ဝန်းမှ ဓာတ်ပုံပညာရှင် ၂၅ ဦးက ဓာတ်ပုံပေါင်း ၁၀၇ ပုံ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်နယ်နှင့် တိုင်းအသီးသီးမှ ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ပေးပို့လှူဒါန်း

နေပြည်တော် ဇွန် ၂၄

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းဒေသအသီးသီးမှ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သားမိသားစုများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများကို ဆက်လက်ပေးပို့ လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၅၇၅၈၆၅၀ တန်ဖိုးရှိ ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများနှင့် ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီသို့လာရောက်လှူဒါန်းငွေကျပ် ၃၇၃၇၈၇၀ အပါအဝင် စေတနာရှင်ပြည်သူများ၏ ယနေ့လှူဒါန်းသည့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်းစုစုပေါင်း တန်ဖိုးမှာ ငွေကျပ် ၉၄၉၆၅၂၀ ဖြစ်ပြီး ဇွန် ၂၄ ရက်အထိလှူဒါန်းသည့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေ ၁၃၀၄၀၈၈၁၃၆၉ ကျပ်ရှိပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဆရာဝန်အသင်း သင်တန်းပို့ချမည်

ရန်ကုန် ဇွန် ၂၄

မြန်မာနိုင်ငံဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေး ယူနစ်(CME)မှ အထွေထွေရောဂါကုဆရာဝန်များအတွက် Public Health, Family Medicine and Research(2008) သင်တန်းကို ဇူလိုင် ၅ ရက်မှ ဩဂုတ် ၉ ရက်အထိ (စနေ၊ တနင်္ဂနွေနေ့များတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီ အထိ) သင်တန်းပြန်လည်ဖွင့်လှစ်မည်ဖြစ်ရာ မှတ်ပုံတင်၍ သင်တန်းတက်ရောက်လျက်ရှိသော ဆရာဝန်များ ပြန်လည်တက်ရောက်နိုင်ကြောင်း သိရသည်။

(ဆရာဝန်အသင်း)

ဝမ်းနည်းခြင်းနှင့် ဝမ်းသာခြင်း

သီတဂူဆရာတော်
ဒေါက်တာအရှင်ဉာဏိဿရ

၂၀၀၈ ခုနှစ် မေလ ၂ ရက်နှင့် ၃ ရက်နေ့က မြန်မာနိုင်ငံ ဧရာဝတီတိုင်း အောက်ပိုင်းနှင့် ရန်ကုန်တိုင်း အချို့ဒေသများတွင် တစ်နာရီလျှင် ကီလိုမီတာ ၂၀၀ ခန့်အထိ ပြင်းထန်သော ဆိုင်ကလုန်း (Cyclone) မုန်တိုင်းတိုက်ခတ်မှုကြောင့် ရဟန်းရှင်လူပြည်သူ သန်းနှင့်ချီ၍ ကျောင်းမဲ့၊ အိမ်မဲ့အဖြစ်သို့ ရောက်ခဲ့ရပြီး ရဟန်းရှင်လူ ပြည်သူ တစ်သိန်းသုံးသောင်းကျော် ပရမ်းပတာ သေဆုံးခဲ့ရသည့် အဖြစ်ဆိုးကြီးကား တစ်သက်မှာတစ်ခါ ကြုံခဲ့ရသည့် အလွန်ဝမ်းနည်း ကြေကွဲဖွယ် အဖြစ်ဆိုးကြီးတစ်ရပ်အဖြစ် မှတ်တမ်းတင်ခဲ့ရလေသည်။

ဤတစ်သက်မှာ ဤအဖြစ်မျိုးနောက်တစ်ဖန်မကြုံတွေ့ပါရစေနဲ့ဟု ဆုတောင်းမိပါသည်။ ထို့ပြင် နောင်ဘဝအဖြစ် ဆက်တိုင်းဆက်တိုင်း ဤမျှလောက် ဝမ်းနည်းကြေကွဲဖွယ်ကောင်းသော ဘောဂဗျသန၊ ရောဂဗျသန၊ ဉာတိဗျသန၊ သီလဗျသန၊ ဒိဋ္ဌိဗျသနဟူသော စီးပွားပျက်၊ ဆွေမျိုးပျက်၊ မိသားစုပျက်၊ ကျန်းမာရေးပျက်၊ ကိုယ်ကျင့်သီလပျက်၊ ဘာသာရေးပျက်၊ လူမှုရေးပျက်စသည့် ပျက်စီးခြင်းအမျိုးမျိုးတို့ကို ဘယ်ဘဝမှာမှ မမြင်မတွေ့ပါရစေနဲ့ဟု ဆုတောင်းမိပါသည်။ ထို့ပြင်လည်း မည်သည့်လူသားတစ်စုံတစ်ယောက်မျှ ဤကဲ့သို့သော ပျက်စီးခြင်းမျိုးစုံတို့ကို မထိတွေ့မခံစားကြရပါစေနှင့်ဟု ဆုတောင်းရပါသည်။

မိမိကိုယ်တိုင် ဤကဲ့သို့သော ပျက်စီးခြင်းမျိုးတို့ကို မထိတွေ့ မခံစားကြရစေကာမူ မိမိနိုင်ငံသူ၊ နိုင်ငံသား ရဟန်းရှင်လူအများတို့ ဤမျှစပ်ခါးစူးရှသော ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ကို ခံစားရသည့်အဖြစ်ကို သိရှိမြင်တွေ့ရသည့်အခါ မိမိ၏ နှလုံးသားမှာလည်း ထိုဒုက္ခသည်များနှင့် မခြား အပ်သွားတစ်ရာဖြင့် ထိုးဆွခံရဘိသည့်အလား ပြင်းစွာသော ဝေဒနာကို စူးစူးရှရှခံစားရပါသည်။ ပြင်းစွာသော နှလုံးသား၏ တုန်လှုပ်ခြင်းကို မည်သို့တိုင်းတာရမည် မသိပေ။ ထို့ကြောင့် ထိုဒုက္ခသည်တို့၏ဒုက္ခကို ငါသည်မည်မျှလောက် မည်သည့်နည်းဖြင့် စောင့်ရှောက်ကူညီရပါအံ့နည်းဟု အလေးအနက်စဉ်းစားမိခဲ့သည်။ (ဒုက္ခာဘိဘူတာနံ အနာထဘာဝဒဿန ပဒဋ္ဌာနာကရုဏာ)။ ထို့ကြောင့် မေလ ၈ ရက်နေ့ညတွင် သီတဂူအဖွဲ့ကို အရေးပေါ် အစည်းအဝေးခေါ်သည်။

Compassionate Common Platform ကရုဏာလမ်းကြောင်းကို တည်ဆောက်ကြရန်၊ ထိုလမ်းကြောင်းပေါ်မှာ လက်တွဲလမ်းလျှောက်ကြရန်၊ ကရုဏာ၏သရုပ်ကို ပေါ်လွင်စေဖို့ Compassion in action ဒုက္ခရောက်သူတို့ကို စောင့်ရှောက်ဖို့ လက်တွေ့လုပ်ရမည်ဟု မူစနစ်ကို ချမှတ်ခဲ့သည်။ ပါဠိဘာသာဖြင့်ပြောရလျှင် မနောကံကရုဏာမှ ကာယကံမြောက် ကရုဏာသရုပ်ဖော်အလုပ်ကို လုပ်ကြရမည်ဖြစ်သည်။ လုပ်နိုင်စွမ်းရှိသူတို့၊ လုပ်ငန်းကျွမ်းကျင် လုပ်တတ်သူတို့မှာ လုပ်ချင်စိတ်ရှိဖို့ အရေးကြီးပါသည်။ လုပ်ချင်စိတ်ပင်ရှိသော်လည်း လုပ်နိုင်စွမ်းမရှိလျှင်၊ မလုပ်တတ်လျှင် ထိထိပေါက်ပေါက် အကျိုးမသက်ရောက်နိုင်ပေ။ သို့ဖြစ်ခြင်းကြောင့် သီတဂူအဖွဲ့နှင့် သီတဂူ၏တပည့်တို့ကို ဤသုံးချက်ဖြင့် လုပ်ငန်းခွင်သို့၊ သို့မဟုတ် ဒုက္ခရောက်သူတို့၏ နယ်မြေသို့ တွန်းပို့လိုက်သည်။

မေလ ၉ ရက်နေ့မှာ ဘိုကလေးမြို့နယ် ကွမ်းသီးချောင်းကျေးရွာ သီတဂူ ဓမ္မဝိဟာရကျောင်းတိုက်တွင် သီတဂူ ကူညီစောင့်ရှောက်ထောက်ပံ့ရေးရှေ့တန်းစခန်းကို ဖွင့်လှစ်ခဲ့သည်။ ပြည်တွင်းနှင့် ပြည်ပကို အသိပေးလိုက်သည်။ လေဘေးရေဘေးသင့်ကြသော ကျေးရွာများမှ သံဃာတော်တစ်ပါးတစ်ပါးနှင့် ရပ်ရွာလူကြီးခေါင်းဆောင်တစ်ယောက်စီတစ်ယောက်စီကို ဖိတ်ကြားလိုက်သည်။ ဆန်များ၊ အဝတ်အထည်များ၊ စောင်၊ ခြင်ထောင်များ၊ အိုးခွက်ပန်းကန်များ အမျိုးအမည်ပေါင်း တစ်ရာကျော်နှင့် အခြားအခြား စားစရာ၊ အသုံးအဆောင်များကို လှူဒါန်းခဲ့သည်။ သီတဂူနှင့် အာရှတော်ဝင် ဆရာဝန်၊ ဆရာမများဖြင့် ဆေးရုံဆေးခန်းလေးခု ဖွင့်လှစ်ခဲ့သည်။ (ကဒုံ၊ အမာ၊ စက်ဆန်း၊ ကွမ်းသီးချောင်း) ကိုယ်တိုင်အလှူခံရရှိသည့် ဆေးဝါးဖြင့် ကုသပေးခဲ့သည်။ ဘိုကလေးမြို့ပေါ်ရှိ ဒုက္ခသည်များမှီခိုရာ ဘုန်းတော်ကြီးကျောင်း ဆယ်ကျောင်းသို့ သုံးကြိမ်သွားရောက်၍ ဒုက္ခသည်များအား ဆန်၊ အဝတ်အထည်နှင့် အခြားစားစရာ၊ ဝတ္ထုငွေများ လှူဒါန်းခဲ့သည်။ ပျက်စီးသွားသော ဘုန်းတော်ကြီးကျောင်းများသို့ သွပ်ပြားအချပ်တစ်ရာစီနှင့် ကျောင်းပြင်ရန် ဝတ္ထုငွေကျပ်တစ်သိန်းစီ လှူဒါန်းခဲ့သည်။ အချို့ကျောင်းများကို ငါးသိန်းစီ၊ ဆယ်သိန်းစီလည်း ပေးလှူခဲ့သည်။ ကဒုံကနီနှင့် အမာ ကျေးရွာများရှိ နိုင်ငံတော်အစိုးရ ဆေးရုံနှစ်ရုံကို ပြင်ဆင်မွမ်းမံပေးခဲ့သည်။ ဆေးရုံသုံးပစ္စည်းနှင့် ဆေးဝါးများအပြည့်အစုံ လှူဒါန်းပေးခဲ့သည်။ ဘိုကလေးမြို့ နိုင်ငံတော်အစိုးရ ဆေးရုံကို ဒေါ်လာငါးသောင်းဖိုးခန့် တန်ဖိုးရှိသောပစ္စည်းများ လှူဒါန်းရန် အဆင်သင့်ပြင်ဆင်ထားပြီးဖြစ်သည်။ ဇွန်လ ၉ ရက် တစ်လပြည့်မြောက်နေ့အထိ သီတဂူသာသနာပြုအဖွဲ့က လှူဒါန်းထောက်ပံ့ခဲ့သော ပမာဏမှာ မြို့နယ် ခြောက်မြို့နယ်၊ ကျောင်းပေါင်း ၁၃၄၄ ကျောင်း၊ တစ်ကျောင်းလျှင် အနည်းဆုံး ငွေကျပ်တစ်သိန်းစီဖြင့် စုစုပေါင်းငွေကျပ် ၁၃၄၄သိန်းကျော် လှူပြီးဖြစ်သည်။ တစ်ကျောင်းလျှင် သွပ်ပြားအချပ်တစ်ရာနှုန်းဖြင့် သွပ်အချပ်ရေ ၁၄၆၆၀၀ ကျော် လှူဒါန်းခဲ့ပြီးဖြစ်သည်။ ဘုန်းတော်ကြီးကျောင်းပေါင်း ၁၃၄၄၊ ကျေးရွာပေါင်း ၉၀၀ ကျော်တို့အား ဆန်တစ်တင်းခွဲဝင်အိတ်ပေါင်း တစ်သောင်းကျော် လှူဒါန်းခဲ့ပြီးဖြစ်သည်။အဝတ်အထည်နှင့် ဒန်အိုးဒန်ခွက်၊အခြားစားစရာများ ထရပ်ကားအစီးတိုက်ပေါင်း ၃၀၀ ကျော်ခဲ့ပြီး ဖြစ်ပါသည်။

ယနေ့ သီတဂူအဖွဲ့က ဘိုကလေးပြည်သူ့ဆေးရုံသို့ လှူဒါန်းခဲ့ပြီးသော ပစ္စည်းများမှာ Ultrasound Machine (ကွန်ပျူတာဓာတ်မှန်စက်)၊ E C G Monitoring System (အရေးကြီးလူနာသုံး နှလုံးစမ်းသပ်စက်)၊ E C G (နှလုံးစမ်းသပ်စက်)၊ Anesthesia Machine (မေ့ဆေးစက်)၊ Diathermy (လျှပ်စစ်ခွဲစိတ်စက်)၊ Autoclave (ခွဲစိတ်ကိရိယာများ ပေါင်းတင်စက်)၊ Surgical instrument Set (ခွဲစိတ်ခန်းသုံးပစ္စည်းကိရိယာများ)၊ Defibrillator (နှလုံးနှိုးစက်)၊ Electric Generator (လျှပ်စစ်ဓာတ်အားပေးစက်)၊ Oxygen Concentrator (အောက်ဆီဂျင်ထုတ်လုပ်သည့်စက်)၊ Medicine Trolley (ဆေးတင်လှည်း)၊ Dressing Trolley (သူနာပြုလှည်း)၊ Instrument Trolley (ခွဲစိတ်ကိရိယာထည့်သောလှည်း)၊ Patient Bed (16) (လူနာသုံးခုတင် ၁၆ လုံး)၊ Bedside Locker (16) (လူနာသုံး စားပွဲဗီရို ၁၆ လုံး) တို့ ဖြစ်ကြသည်။

အမာမြို့နယ်ဆေးရုံသို့ လှူဒါန်းခဲ့ပြီးသောပစ္စည်းများမှာ Operation Bed (ခွဲစိတ်ခန်းသုံးခုတင်)၊ Operation Light (ခွဲစိတ်ခန်းသုံးမီး)၊ Anesthesia Machine (မေ့ဆေးစက်)၊ Diathermy (လျှပ်စစ်ခွဲစိတ်စက်)၊E C G (နှလုံးစမ်းသပ်စက်)၊ Autoclave (ခွဲစိတ်ကိရိယာများပေါင်းတင်စက်)၊ Surgical Instrument Set (ခွဲစိတ်ခန်းသုံးပစ္စည်းကိရိယာများ)၊ Electric Generator (လျှပ်စစ်ဓာတ်အားပေးစက်)၊ Patient bed and Bedside table (လူနာခုတင်နှင့် စားပွဲဗီရို)များ ဖြစ်ကြသည်။

ကဒုံကနီဆေးရုံသို့ ယခင်ကပင် ခွဲစိတ်ခန်း၊ဓာတ်ခွဲခန်း၊ဓာတ်မှန်ခန်းအတွက် အပြည့်အစုံလှူဒါန်းခဲ့ပြီးဖြစ်သော်လည်း လေဘေး ရေဘေးကြောင့် ပျက်စီးယိုယွင်းသွားသည်တို့ကို ပြန်လည် အစားထိုးရန် ပြင်ဆင်ထားသော ပစ္စည်းများမှာ အိမ်ခြေနှစ်ထောင် သုံးနိုင်သည့် ရေသန့်ထုတ်လုပ်ပေးမည့်စက်၊ E.C.G Machine, Cardiac Table, Medicine Trolley, Dressing Trolley, Instrument Trolley, Labour Table, Vaccum Extractor, Foot Suction, O_2 Flowmeter, Fowler's Bed, Generator (60 KVA) တို့ ဖြစ်ကြသည်။

သီတဂူသာသနာပြုအဖွဲ့သည် သာသနာရေး၊ ပညာရေးနှင့် ကျန်းမာရေးကိစ္စများကို ဦးစားပေး၍ ကူညီစောင့်ရှောက်ပေးနေပါသည်။ ဝေးလံသီခေါင်သော Remote Area ရှိ ဆင်းရဲနွမ်းပါးသော ဘုန်းတော်ကြီးသင် မူလတန်းကျောင်းများ၊ အစိုးရမူလတန်းကျောင်းများကိုလည်း ပြန်လည်ပြုပြင်တည်ဆောက်ပေးရန် ကျောင်းအချို့အား ရွေးချယ်ထားပြီးဖြစ်ပါသည်။ မိမိတို့ လုပ်နိုင်စွမ်းရှိသလောက်၊ လုပ်ခွင့်ရသလောက် ရဟန်းရှင်လူပြည်သူတို့၏ အကျိုးစီးပွားကို လုပ်ဆောင်နေကြခြင်းဖြစ်ပါသည်။ လိုအပ်သလောက်နှင့် လုပ်ချင်စိတ်ရှိသလောက် မလုပ်နိုင်သည့် မိမိတို့၏ အနေအထားကို ဝမ်းနည်းမိပါသည်။ ဤလောကတ္ထစရိယလုပ်ငန်းအားလုံးတို့သည် ပြည်တွင်းပြည်ပ အလှူရှင်တို့၏ မေတ္တာ၊ ကရုဏာ နှလုံးသားမှ သန့်ရှင်းစွာ ထွက်ပေါ်လာသည့် အလှူများဖြစ်ပါသည်။ အလှူဒါနကို မှီခို၍နေရသော ဤလောကတ္ထစရိယလုပ်ငန်း အားလုံးသည် အလှူဒါနအနည်းအများပေါ်မှာ တည်မှီ၍ စောင့်ရှောက်မှုလုပ်ငန်း အနိမ့်အမြင့် အကျယ်အပြန့်ပမာဏ အမျိုးမျိုးရှိမည် ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ရထားသည့် ဘဝကောင်းတစ်ခုမှာ မွန်မြတ်သော လုပ်ငန်းတစ်ခုကို ဤမျှလောက် လုပ်ကိုင်ခွင့်ရသည့် မိမိ၏ဘဝကို ဝမ်းမြောက်ကြည်နူးမိပါသည်။ ဝိုင်းဝန်းလှူဒါန်းကြသည့် အလှူရှင်များ၊ လုပ်အားဒါနပြုကြသည့် တပည့်ဒကာ ပြည်သူအများ၊ ဝိုင်းဝန်းစောင့်ရှောက် အားပေးကူညီကြသည့် နိုင်ငံတော်အစိုးရ အဖွဲ့အစည်း အဆင့်ဆင့်မှ ဝန်ထမ်းများအားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါသည်။ ဂုဏ်ပြုပါသည်။ မှတ်တမ်းတင်ပါသည်။

ကျန်းကျန်းမာမာ စိတ်ချမ်းသာစွာ အသက်ရှည်ကြပါစေ။ ။

မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းမည်

မြန်မာနိုင်ငံနှင့်အနီးပတ်ဝန်းကျင်နိုင်ငံများအတွက် မိုးလေဝသအခြေအနေပြမြေပုံ



ရန်ကုန် ဇွန် ၂၄

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကိုကိုးကျွန်းမြို့တွင် ၂ဒသမ၂၀လက်မ၊ မိုးကုတ်မြို့နှင့် ကော့သောင်းမြို့တို့တွင် ၁ဒသမ၅၄လက်မစီ၊ ခန္တီးမြို့နှင့် ဂွမြို့တို့တွင် ၁ဒသမ၄၆ လက်မစီ၊ လွိုင်လင်မြို့တွင် ၁ဒသမ၃၈လက်မ၊ ကျောက်ဖြူမြို့တွင် ၁ဒသမ၃၀လက်မနှင့် ပုသိမ်မြို့တွင် ၁ဒသမ၂၆လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

ဇွန် ၂၅ရက် ညနေထိ ခန့်မှန်းချက်

မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်

မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၃ ဒသမ၄ ဒီဂရီစင်တီဂရိတ် (၉၂ ဒီဂရီဖာရင်ဟိုက်) ၂၃-၆-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၂ ဒသမ ၃ ဒီဂရီစင်တီဂရိတ် (၇၂ ဒီဂရီဖာရင်ဟိုက်)၂၄-၆-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၉၆ ရာခိုင်နှုန်း ၂၄-၆-၂၀၀၈

နေပူသည့်နာရီပေါင်း (၅ဒသမ၃)နာရီခန့် ၂၃-၆-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၄-၆-၂၀၀၈	မရှိပါ	မရှိပါ	မရှိပါ
၁-၁-၂၀၀၈မှ	၉၆၇ မမ	၁၂၀၂ မမ	၁၄၇၄ မမ
ယနေ့အထိ	(၃၈ဒသမ၀၇လက်မ)	(၄၇ဒသမ၃၂လက်မ)	(၅၈ဒသမ၀၃လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၃-၆-၂၀၀၈ ရက် ၁၆း၃၀ နာရီတွင် တောင်ဘက်မှ တစ်နာရီ (၆)မိုင်နှုန်း တိုက်ခတ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မုန်တိုင်းသင့်ပြည်သူများအတွက် ပေးပို့လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ပွဲသို့ တက်ရောက်အားပေး

ရန်ကုန် ဇွန် ၂၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ ဗိုလ်အောင်ကျော် ကုန်သေတ္တာဆိပ်ကမ်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အဆောက်အအုံ၌ကျင်းပသည့် စင်ကာပူသမ္မတနိုင်ငံ Man Fut Tong Welfare Society နှင့် JBS ကုမ္ပဏီတို့က မုန်တိုင်းသင့်ပြည်သူများအတွက် ပေးပို့လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်အားပေးသည်။

အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တာဝန်ရှိသူများ စင်ကာပူသမ္မတနိုင်ငံ Man Fut Tong Welfare Society နှင့် JBS ကုမ္ပဏီတို့မှ တာဝန်ရှိသူများ၊ KJS ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာဦးကျော်ခင်နှင့်အဖွဲ့ဝင်များတက်ရောက်ကြသည်။

ရှေးဦးစွာ စင်ကာပူသမ္မတနိုင်ငံ Man Fut Tong Welfare Society နှင့် JBS ကုမ္ပဏီတို့က မုန်တိုင်းသင့်ပြည်သူများအတွက် မြန်မာ့ကြယ်ငါးပွင့်ပိုင် စစ်တွေသင်္ဘောနှင့် စစ်ကိုင်းသင်္ဘောတို့ဖြင့် ပေးပို့လှူဒါန်းသော ဘီစကစ်မုန့်မျိုးစုံ၊ နို့မှုန့်၊ ခေါက်ဆွဲခြောက်၊ သစ်သီးဖျော်ရည်၊ ဝေဖာမျိုးစုံ၊ ကိတ်ခြောက်နှင့် ပင်လယ်ရေထွက် အစားအစာများ၊ ရေသန့်ဘူးများ၊ စည်သွတ်ဘူးမျိုးစုံ၊ ဆေးဝါးမျိုးစုံ၊ အဝတ်အထည်နှင့် စောင်များ၊ ကလေးကစားစရာများ၊ နာရီ၊ ဖိနပ်အပါအဝင် ကလေးအသုံးအဆောင်များ ပါဝင်သော အမေရိကန်ဒေါ်လာ ၆၄၇၆၅ ဒသမ ၂၁ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းမျိုးစုံ စုစုပေါင်းကွန်တိန်နာငါးလုံး၊ တန်ချိန်စုစုပေါင်း ၃၁ ဒသမ ၄၇၈ တန်တို့ကို စင်ကာပူသမ္မတနိုင်ငံ Man Fut Tong Welfare Society မှ Vice President . Miss . Jane Tan နှင့် KJS ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ခင်တို့က ပေးအပ်လှူဒါန်းကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးတို့က လက်ခံကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် မုန်တိုင်းသင့်ပြည်သူများအတွက် လှူဒါန်းထားသော ထောက်ပံ့ရေးပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ စေတနာရှင်များ လှူဒါန်းသည့် ပစ္စည်းများသည် လေယာဉ်များ၊ သင်္ဘောများဖြင့် အဆက်မပြတ် ရောက်ရှိလျက်ရှိရာ အဆိုပါ ထောက်ပံ့ရေးပစ္စည်းများကို လေဆိပ်၊ သင်္ဘောဆိပ်များ၌ ပစ္စည်းလက်ခံရယူရေးအဖွဲ့များက စနစ်တကျလက်ခံရယူပြီး နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ အချိန်နှင့်တစ်ပြေးညီ မုန်တိုင်းဒဏ်ခံရသော ဒေသများသို့ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် အလျင်အမြန် ဖြန့်ဝေပေးပို့လျက်ရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ စင်ကာပူသမ္မတနိုင်ငံ Man Fut Tong Welfare Society နှင့် JBS ကုမ္ပဏီတို့က မုန်တိုင်းသင့်ပြည်သူများအတွက် ပေးပို့လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်အားပေးစဉ်။

(သတင်းစဉ်)

ဝင်းသူဇာအရောင်းဆိုင် ဖွင့်လှစ်ရောင်းချ

ရန်ကုန် ဇွန် ၂၄

လပွတ္တာမြို့ မြို့မဈေးရှေ့၌ အမှတ်(၁) စက်မှုဝန်ကြီးဌာနက ဝင်းသူဇာအရောင်းဆိုင် ဖွင့်လှစ်၍ လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇွန် ၂၄

နှစ်စဉ် ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို မြောင်းမြမြို့နယ်သူမြို့နယ်သားများနှင့်ကျောင်းတိုက် ဝေယျာဝစ္စအဖွဲ့ ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ ဇူလိုင် ၆ရက်(တနင်္ဂနွေနေ့)နံနက်၉နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ (ဘီ၊အို၊စီ) ပိဋကတ်တိုက်ကျောင်း၌ ဆက်ကပ်လှူဒါန်းမည် ဖြစ်သည်။

နှစ်စဉ်ကဲ့သို့ ဆွမ်း၊ဆွမ်းဟင်းများ ယူဆောင်လာကြပါရန်နှင့် ယူဆောင်ရန် အခက်အခဲရှိပါက ဆွမ်း၊ ဆွမ်းဟင်း ဆက်ကပ်စရိတ် အလှူငွေကျပ် ၂၀၀၀နှင့် ဝါဆိုသင်္ကန်းတစ်စုံ ကျပ် ၃၀၀၀ နှုန်းတို့ဖြင့် ဆက်ကပ်လှူဒါန်းရန်အသင်းကစီစဉ်ထားသည်။ ပါဝင်လှူဒါန်းလိုသူများသည်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းကြည်(ငြိမ်း) ဖုန်း-၅၇၃၀၇၄၊ ဒုတိယဥက္ကဋ္ဌများ ဦးမျိုးကြည် ဖုန်း-၅၇၈၆၃၈၊ ဦးသန့်ဇင် ဖုန်း-၂၂၅၃၇၅၊ ဒုတိယဗိုလ်မှူးကြီး သက်စိုး(ငြိမ်း)ဖုန်း-၆၃၈၂၂၅၊ ဒေါ်ရီရီဝင်း ဖုန်း-၂၅၁၃၂၃၊အတွင်းရေးမှူးအဖွဲ့ ဖုန်း- ၂၂၄၁၉၊ ၃၈၉၂၆၅၊ ၂၉၁၃၇၉၊ ၆၆၂၀၈၆၊ ဗိုလ်ကြီးသန်းထိုက် (ငြိမ်း) ဖုန်း-၇၀၉၄၁၇နှင့် ဘဏ္ဍာရေးမှူး ဒေါ်သန်းမြင့် ဖုန်း-၅၂၆၁၆၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အသင်းမှ နံနက်စာ ထမင်းဖြင့် တည်ခင်းဧည့်ခံမည် ဖြစ်ကြောင်းသိရသည်။ (ကြေးမုံ)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇွန် ၂၄

မုန်တိုင်းတိုက်ခတ်မှုကြောင့်ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာပြင်သစ်နိုင်ငံ အခြေစိုက် နယ်စည်းမခြား ဆရာဝန်များအဖွဲ့မှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများစုစုပေါင်း ၁၉ ဒသမ ၉၈၇ တန်၊ ထိုင်းနိုင်ငံ အခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)မှလှူဒါန်းသောထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၇၇ဒသမ ၂၇၉တန်နှင့်အမေရိကန် ပြည်ထောင်စုမှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၁၈ တန်တို့သည်ဇွန်၂၃ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။

(သတင်းစဉ်)

ပရိုဗီမင်အားဆေး ရောင်းအားမြှင့်တင်ရေး ကံစမ်းမဲဖွင့်ပွဲနှင့် ညစာစားပွဲကျင်းပ

ရန်ကုန် ဇွန် ၂၄

ကျော်သာကုမ္ပဏီက ကျင်းပသော (PROVIMIN 500mg) ဆေးအရောင်းမြှင့်တင်ရေး ကံစမ်းမဲဖွင့်ပွဲနှင့် ညစာစားပွဲ အခမ်းအနားကို ဇွန် ၂၂ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ ကျင်းပရာ ကျော်သာကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းလွင်က အဖွင့်အမှာ စကားပြောကြားသည်။

ထို့နောက် ဒေါက်တာမင်းသိန်းက ပရိုဗီမင်အားဆေး ထုတ်လုပ်မှုဆိုင်ရာ သုတေသနလုပ်ငန်းများကို လည်းကောင်း၊ ဒေါက်တာမီမီကိုကပရိုဗီမင်အားဆေး၏ အစွမ်းအာနိသင်များကိုလည်းကောင်း၊ စာရေးဆရာ သတင်းစာဆရာဦးသာဂဒိုးကပရိုဗီမင်နှင့် ပီစပ်၏ အသုံးဝင် အကျိုးရှိမှုကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။ ယင်းနောက် အရောင်းကိုယ်စားလှယ်များနှင့်ဧည့်သည်တော်များအား ကံစမ်းမဲဖောက်၍ ဆုများပေးအပ် ချီးမြှင့်ပြီး တေးသံရှင်များ၊ မော်ဒယ်လ်များက ဖျော်ဖြေတင်ဆက်ကြကာညစာဖြင့်တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

PROVIMIN 500 mg ဆေးအရောင်းမြှင့်တင်ရေး ကံစမ်းမဲဖွင့်ပွဲနှင့် ညစာစားပွဲ အခမ်းအနားတွင် ကျော်သာကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းလွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၆၂၁)ဖြန့်ချီ

ရန်ကုန် ဇွန် ၂၄

၁၉၉၆ခုနှစ်က စတင်ထုတ်ဝေခဲ့သည့် မြန်မာနိုင်ငံ၏ သက်တမ်းအရှည်ဆုံး ပြည်တွင်းပြည်ပသတင်းဂျာနယ်ဖြစ်သည့် ပြည်မြန်မာသတင်းဂျာနယ်၏ ယခုတစ်ပတ်ထုတ်ဂျာနယ်အမှတ်(၆၂၁)ကို ရန်ကုန်မြို့ အနော်ရထာလမ်း ၃၉လမ်းထောင့် Central Tower ပထမထပ်ရှိ Sewsone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်တွင် နိုင်ငံတကာအသိအမှတ်ပြု လေယာဉ်မှူးသင်တန်းနှင့် ဆေးပညာဘွဲ့များကို တက္ကသိုလ်ဝင်တန်းအောင်ရုံဖြင့် တက်ရောက်နိုင်၊ သဘာဝကပေးသည့် လက်ဆောင်ဖြင့် ကမ္ဘာကျော်အကောင်းဆုံးအာဟာရအားဆေးတစ်မျိုးကို မြန်မာနိုင်ငံက တီထွင်ထုတ်လုပ်နိုင်ခဲ့၊ အကယ်ဒမီနန္ဒာလှိုင် ဘယ်မှာလဲ၊ ဘာလုပ်နေလဲ၊ ကမ္ဘာ့ပထမဆုံး အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံတက္ကသိုလ်ကြီးကို ရန်ကုန်တွင် တည်ဆောက်နေ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းက မုန်တိုင်းကြောင့် ကွဲကွာနေသော မိသားစုဝင် ၃၇ဦးကို ရှာဖွေပေးနိုင်ခဲ့၊ မြန်မာဗိသုကာပညာရှင်များအသင်းက လေဘေးသင့်ဒေသများအတွက် အိမ်ဒီဇိုင်းငါးမျိုးလှူဒါန်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ဒီရေတောများကို အမြန်ဆုံးပြုပြင်မည်။ ထီထိုးမယ်ဆိုရင်၊ အာဆီယံ အမျိုးသမီးစီးပွားရေး ထူးချွန်ဆုရ မြန်မာအမျိုးသမီးကြီးနှင့် တွေ့ဆုံခြင်း၊ Online Donation Group နှင့် MMktA က ငပုတောမြို့နယ်တွင် အိမ် ၃၃၀ ကျော် တည်ဆောက်လှူဒါန်းမည်၊ မြန်မာ့ငါးများအန္တရာယ်ကင်းစွာ စိတ်ချစားနိုင်၊ မူရှာရက်ဖ်က နုတ်ထွက်မည်မဟုတ်ဟုဆို၊ အိုစမာဘင်လာဒင်ကို ယခုနှစ်အတွင်း အမိဖမ်းရန် ဘုရှ်က အမိန့်ထုတ်၊ သူကြွယ်အိုများက ကညာပျိုများကို လက်ထပ်ချင်တိုင်း လက်ထပ်၍မရသည့်နိုင်ငံ၊ဒဏ္ဍာရီလာဦးချိုတစ်ချောင်းနှင့်သတ္တဝါ ပြင်ပ၌အမှန်တကယ်ရှိနေ၊ လွန်ခဲ့သည့်နှစ် ၂၀၀၀မှ မျိုးစိတ်က အပင်ပေါက်လာ၊ တရုတ်နိုင်ငံတွင် အမှန်တကယ် ပျံသန်းနိုင်သည့် ပန်းကန်ပြားပျံကို တီထွင်၊ အိပ်မက်ထဲမှ ဖုန်းနံပါတ်ကို ဆက်သွယ်ခဲ့ရာမှ အိမ်ထောင်ဖက်တွေ့ရှိ၊ အရွယ်ရောက်ပြီးသော်လည်း အမြဲတမ်း လေးဖက်ထောက်လျက်သား လမ်းလျှောက်ကြသည့်သူများ၊ အင်္ဂလိပ်ဂျီဟ်ပေါ်၌ ရေတွေ့ရှိပြီ၊ လေဖြတ်၍ ခြေလက်လေးဖက်စလုံး မလှုပ်ရှားနိုင်တော့သည့် အမျိုးသမီးတစ်ဦး တစ်ကိုယ်တော်ရွက်လွှင့်၍ ခရီးထွက်၊ တရုတ်တွင် ငလျင်ကြောင့် အသက်မသေသူများကို ရေလွှမ်းမိုးမှုက ခြိမ်းခြောက်နေပြန်စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံ ထည့်သွင်းဖော်ပြထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာ၌ အိုးအိမ်မဲ့ လေဘေးသင့်ပြည်သူများအတွက် ဒေါင်အုပ်စုကုမ္ပဏီလီမိတက်က လှူဒါန်းသည့် အုတ်ဖိနပ်ခုံ၊ ထရံကာ၊ ပျဉ်ခင်း၊ သွပ်မိုးနေအိမ်များ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❖ ရှေ့ဖုံးမှ

ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ဝန်ကြီးများက မော်လမြိုင်ကျွန်းမြို့နယ် အပါအဝင် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က မှာကြားရာတွင် ဧရာဝတီတိုင်းအတွင်း မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးသည့် စိုက်ပျိုးမြေဧကမှာ ဧရာဝတီတိုင်းတစ်ခုလုံးနှင့် နှိုင်းယှဉ်ပါက အနည်းစုသာဖြစ်ကြောင်း၊နိုင်ငံတော်အနေဖြင့် ဆုံးရှုံးသွားသည့် ကျွဲ၊ နွားများအစား လက်တွန်းထွန်စက်များဖြင့် ထွန်ယက်စိုက်ပျိုးနိုင်ရေး၊ မျိုးစပါး ရရှိရေးအပါအဝင် လယ်ယာကဏ္ဍအတွက် လိုအပ်သည်များကို ပံ့ပိုးပေးလျက်ရှိကြောင်း။

ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် မိမိခရိုင်၊ မြို့နယ်အလိုက် စိုက်ဧကများ အပြည့်အဝ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း တိုးတက်ရေးတို့အတွက် လိုအပ်သည်များကို ကွင်းဆင်းကြီးကြပ် ကူညီဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

လေဘေးကြောင့် အိုးအိမ်မဲ့သွားသည့် လေဘေးသင့် ပြည်သူများအတွက်လည်း ရေရှည်နေထိုင်မည့် အခိုင်အမာနေအိမ်များကို နိုင်ငံတော်၏ ထောက်ပံ့အားပေးမှုဖြင့် သက်ဆိုင်ရာကုမ္ပဏီများ၊ စေတနာရှင်များက ဆောက်လုပ်ပေးလျက်ရှိကြောင်း။

ထို့အပြင် ကိုယ်တိုင်စိုက်ပျိုးခြင်းဖြင့် သန့်ရှင်းလတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များ စားသုံးနိုင်သည်သာမက တစ်ဖက်တစ်လမ်းကလည်း ငွေအကုန်အကျ သက်သာနိုင်သည့်အတွက် မိမိတို့ အိမ်ခြံဝင်းအတွင်း ဟင်းသီးဟင်းရွက်များ စိုက်ပျိုးနိုင်ရေး ပညာပေး စည်းရုံးဆောင်ရွက်သွားကြရမှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိနေသည့် မော်လမြိုင်ကျွန်းမြို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မော်လမြိုင်ကျွန်းမြို့မှ ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာသို့ ထွက်ခွာခဲ့ကြပြီး ဘိုကလေးမြို့နှင့် ဖျာပုံမြို့တို့၏ အခြေအနေများ၊ လမ်းခရီးတစ်လျှောက်ရှိ မိုးစပါးစိုက်ပျိုးရေးအတွက် ထွန်ယက်ပြီးစီးမှုနှင့် ပျိုးထောင်ထားရှိမှုများကို ကြည့်ရှုကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျုံဒါးကျေးရွာသို့ ရောက်ရှိကြပြီး ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံပြီး တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်အခြေအနေများကို မေးမြန်းကာ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့ကိုယ်တိုင် သက်ဆိုင်ရာ ဘာသာရပ်များကို ကျွမ်းကျင်နေအောင် အစဉ်ဆည်းပူး လေ့လာကြရန်လိုကြောင်း၊ မိမိတို့၏တပည့်များကိုလည်း ထူးချွန်ထက်မြက်သူများ ဖြစ်လာအောင် သာမက စည်းကမ်းကို လေးစားလိုက်နာတတ်သူများ၊ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးသူများဖြစ်လာအောင် ငယ်စဉ်ကတည်းကပင် လေ့ကျင့်ပျိုးထောင်ပေးသွားကြရမှာဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများကလည်း နိုင်ငံတော်က အားထားရသည့် ထူးချွန်ထက်မြက်သူများဖြစ်အောင် ကြိုးစားကြရန်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျုံဒါးကျေးရွာ၌ အိုးအိမ်မဲ့ လေဘေးသင့်ပြည်သူများအတွက် ဒေါင်အုပ်စု ကုမ္ပဏီလီမိတက်က လှူဒါန်းသည့် အခိုင်အမာလူနေအိမ်များ ဆောက်လုပ်နေမှုများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက လူနေအိမ် ဆောက်လုပ်ခြင်း လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြရာ ဒေးဒရဲမြို့နယ် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို အနီးကပ်ကြီးကြပ် ဆောင်ရွက်လျက်ရှိသည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ဒေးဒရဲမြို့နယ် တည်ဆောက်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြ သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် (၁၆ပေ×ပေ ၂၀) အကျယ်ရှိ အုတ်ဖိနပ်ခုံ၊ ထရံကာ၊ ပျဉ်ခင်း၊ သွပ်မိုး နေအိမ်များ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြရာ ဒေါင်အုပ်စု ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်က လူနေအိမ် ၆၅ လုံး ဆောက်လုပ်လှူဒါန်းသွားမည့် အခြေအနေများကို ရှင်းလင်းပြသသည်။

ထို့နောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဆောက်လုပ်ရေး လုပ်ငန်းတွင် ပါဝင်ကူညီ ဆောင်ရွက်နေသော လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အလုပ်သမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျုံဒါးကျေးရွာမှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ခရီးလမ်းတစ်လျှောက်ရှိ ဒေးဒရဲမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်၊ ဒလမြို့နယ်များရှိ ကျေးရွာများအခြေအနေ၊ မိုးစပါး စိုက်ပျိုးရန် ထွန်ယက်မှု၊ ပျိုးထောင်မှု၊ စိုက်ပျိုးမှု အခြေအနေများနှင့် ရန်ကုန်မြို့တော် ဆိပ်ကမ်းတစ်လျှောက် သင်္ဘောများ ဝင်ထွက် ဆိုက်ကပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

လေမုန်တိုင်းကြောင့် အိုးအိမ်မဲ့ဖြစ်သွားသော လေဘေးသင့်ပြည်သူများအတွက် (၁၆ ပေ×ပေ ၂၀) အကျယ်ရှိ အုတ်ဖိနပ်ခုံ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ ထရံကာ အခိုင်အမာနေအိမ်များကို နိုင်ငံတော်၏ ထောက်ပံ့စီမံမှုဖြင့် သက်ဆိုင်ရာကုမ္ပဏီများက တာဝန်ယူဆောက်လုပ်ပေးလျက်ရှိရာ စေတနာအလှူရှင်များဖြစ်ကြသော ထူးထရေးဒင်းကုမ္ပဏီက ဆောက်လုပ်လှူဒါန်းသည့် နေအိမ် ၁၁၆ လုံးကို ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာ၌လည်းကောင်း၊ ငွေဆင်ကုမ္ပဏီက အကုန်အကျခံ လှူဒါန်းပြီး ဒိုင်းမွန်းမာကျူရီ ကုမ္ပဏီက ဆောက်လုပ်သော နေအိမ် ၁၀၈ လုံးကို ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာ၌လည်းကောင်း၊ ရွာလုံးကျွတ် ပျက်စီးသွားသည့် ကျွန်းသာယာရွာမှ အိုးအိမ်မဲ့ လေဘေးသင့်ပြည်သူများအတွက် စီဘီဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးက အကုန်အကျခံ လှူဒါန်းပြီး ဒဂုန်ဆောက်လုပ်ရေးကုမ္ပဏီက ဆောက်လုပ်

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အမာမြို့၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အမာမြို့ ဆေးရုံအဆောက်အအုံသစ်တွင် ယာယီဆေးခန်း ဖွင့်လှစ်၍ လူနာများအား လက်ခံကုသပေးနေမှုကို ကြည့်ရှုစစ်ဆေးအားပေးစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာ၌ အိုးအိမ်မဲ့လေဘေးသင့်ပြည်သူများအတွက် ဒေါင်အုပ်စုကုမ္ပဏီလီမိတက်ကလှူဒါန်းသည့် လူနေအိမ်များကိုတွေ့ရစဉ်။ (သတင်းစဉ်)

ဆေးကြရာ ဧဒင်အုပ်စု ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်က လူနေအိမ် ၆၅ လုံး ဆောက်လုပ်လှူဒါန်းသွားမည့် အခြေအနေများကို ရှင်းလင်းပြသသည်။

ထို့နောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဆောက်လုပ်ရေးလုပ်ငန်းတွင် ပါဝင်ကူညီ ဆောင်ရွက်နေသော လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အလုပ်သမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျုံ့ဒါးကျေးရွာမှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ခရီးလမ်းတစ်လျှောက်ရှိ ဒေးဒရဲမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်၊ ဒလမြို့နယ်များရှိ ကျေးရွာများသော နေအိမ် ၁၂၄လုံးကို ဖျာပုံမြို့နယ် ကဒုံကနီကျေးရွာ၌လည်းကောင်း၊ ဧဒင်အုပ်စုကုမ္ပဏီ လီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်က အကုန်အကျခံ ဆောက်လုပ်လှူဒါန်းသော နေအိမ် ၆၅ လုံးကို ဒေးဒရဲမြို့နယ် ကျုံ့ဒါးကျေးရွာ၌လည်းကောင်း စတင်ဆောက်လုပ်လျက်ရှိကြပြီး ကမ္ဘောဇအုပ်စု ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက နေအိမ်အလုံး ၁၀၀၀ ကို လပွတ္တာမြို့နယ် (၇)မိုင်စခန်းတွင် ဆောက်လုပ်လှူဒါန်းရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဖျာပုံမြို့နယ် ကဒုံကနီကျေးရွာ၌ လေမုန်တိုင်းကြောင့် အိုးအိမ်မဲ့ဖြစ်သွားသော လေဘေးသင့်ပြည်သူများအတွက် CB Bank ဥက္ကဋ္ဌဦးခင်မောင်အေးက လှူဒါန်းသည့် လူနေအိမ်များအား ဒဂုန်ဆောက်လုပ်ရေးအဖွဲ့က တာဝန်ယူဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

လေဘေးသင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် တပ်မတော်(ရေ)မှ ဆက်လက်ပါဝင်ဆောင်ရွက်

နေပြည်တော် ဇွန် ၂၄

လေဘေးသင့်ဒေသ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၃ ရက်တွင် လေဘေးသင့် မြို့နယ်၊ ကျေးရွာများ၌ အခြေပြုလျက်ရှိသော စစ်ရေယာဉ်များသည် သက်ဆိုင်ရာကွပ်ကဲမှုစခန်းများနှင့်ပူးပေါင်း၍ ကျေးရွာ သန့်ရှင်းရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး တပ်မတော်(ရေ)မှ စစ်ရေယာဉ်များအနေဖြင့်ယနေ့အချိန်အထိ ကုန်ပစ္စည်း ၂၅၅၅ ဒသမ ၈၄၅ တန် သယ်ယူပို့ဆောင်ပေးနိုင်ခဲ့ပြီး နယ်မြေလုံခြုံရေးတာဝန်များကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ပါဝင်ဆောင်ရွက်

ထို့ပြင် ဟိုင်းကြီးကျွန်းဒေသရှိ အရာရှိစစ်သည်များသည် မေဒါအိုင်၊ ကျောက်ကလပ်၊ ပြင်ခရိုင်၊ သက္ကယ်သောင်၊ အောက်ပြွန်ဝကျေးရွာများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် ရပ်ရွာသန့်ရှင်းရေးလုပ်ငန်းများတွင် ဒေသခံပြည်သူလူထုနှင့်အတူ တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လပွတ္တာမြို့နယ် ပိုးလောင်းကျေးရွာ မူလတန်းကြိုကျောင်းတွင် ကလေးငယ်များအား စားစရာများ ဝေငှပေးစဉ်။
(သတင်းဖော်ပြပြီး) (သတင်းစဉ်)

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လပွတ္တာမြို့နယ် ပိုးလောင်းကျေးရွာ၏ ယာယီဆေးခန်းတွင် တက်ရောက် ကုသမှုခံနေသော လူနာများကို ကြည့်ရှုအားပေးစဉ်။
(သတင်းဖော်ပြပြီး) (သတင်းစဉ်)

အခြေအနေ၊ မိုးစပါး စိုက်ပျိုးရန် ထွန်ယက်မှု၊ ပျိုးထောင်မှု၊ စိုက်ပျိုးမှု အခြေအနေများနှင့် ရန်ကုန်မြို့တော် ဆိပ်ကမ်းတစ်လျှောက် သင်္ဘောများ ဝင်ထွက် ဆိုက်ကပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

လေမုန်တိုင်းကြောင့် အိုးအိမ်မဲ့ဖြစ်သွားသော လေဘေးသင့်ပြည်သူများအတွက် (၁၆ ပေ×ပေ ၂၀) အကျယ်ရှိ အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ ထရံကာ အခိုင်အမာနေအိမ်များကို နိုင်ငံတော်၏ ထောက်ပံ့စီမံမှုဖြင့် သက်ဆိုင်ရာ ကုမ္ပဏီများက တာဝန်ယူဆောက်လုပ်ပေးလျက်ရှိရာ စေတနာအလှူရှင်များဖြစ်ကြသော ထူးထရေးဒင်းကုမ္ပဏီက ဆောက်လုပ်လှူဒါန်းသည့် နေအိမ် ၁၁၆ လုံးကို ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာ၌လည်းကောင်း၊ ငွေဆင်ကုမ္ပဏီက အကုန်အကျခံ လှူဒါန်းပြီး ဒိုင်းမွန်းမာကျူရီ ကုမ္ပဏီက ဆောက်လုပ်သော နေအိမ် ၁၀၈ လုံးကို ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာ၌လည်းကောင်း၊ ရွာလုံးကျွတ် ပျက်စီးသွားသည့် ကျွန်းသာယာရွာမှ အိုးအိမ်မဲ့ လေဘေးသင့်ပြည်သူများအတွက် စီဘီဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးက အကုန်အကျခံ လှူဒါန်းပြီး ဒဂုန်ဆောက်လုပ်ရေးကုမ္ပဏီက ဆောက်လုပ်



မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၅-၆-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၅	၄။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအကက
၈း၀၅	၅။	ရခိုင်ချောင်းတံတား
၈း၁၅	၆။	အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၈း၃၀	၇။	International News.
၈း၄၀	၈။	**မြူတိမ်ကင်းသောနေ့ (ထွန်းထွန်းဝင်း၊ မင်းထက်ကျော်ဇင်၊ စိုးမိုးကြည်၊ သဇင်) (ဒါရိုက်တာ-သိန်းဟန်-ဖီးနစ်)**
၉း၀၀	၉။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၀	၃။	ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအကများ
၄း၃၅	၄။	သီချင်းကြီးပဒေသာ
၄း၅၅	၅။	အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ တေးများ
၅း၀၅	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅း၂၀	၇။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅း၃၀	၈။	ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၆း၀၀	၉။	ညနေခင်းသတင်း
၆း၃၀	၁၀။	မိုးလေဝသအခြေအနေ
၆း၃၅	၁၁။	မြန်မာ့ဓလေ့ ရိုးရာလက်ဝှေ့
၇း၀၀	၁၂။	ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇း၃၀	၁၃။	မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲ
၇း၄၀	၁၄။	တေးဂီတအစီအစဉ်
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	**၂၀၀၇ခုနှစ် ဇူလိုင် (၃) ရက်၊ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင် ထုံးဖွဲ့မှု ပြပွဲနှင့် ပဒေသာကပွဲ (အပိုင်း-၂)**
	၁၉။	အစီအစဉ်ပြီး၏။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များ ဆင်ခြေရာကျေးရွာအုပ်စု ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်လျက်ရှိ

သတင်းဆောင်းပါး-မျိုးညွန့် (ကြေးမုံ)
ဓာတ်ပုံ-သန့်ဇင်ထွန်း (ကြေးမုံ)

ဧရာဝတီတိုင်း၊ လပွတ္တာမြို့နယ် ဆင်ခြေရာကျေးရွာအုပ်စု ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို လေ့လာရန်

အဖွဲ့ခေါင်းဆောင် ဦးရဲဝင့်နိုင်။

မိမိတို့သတင်းအဖွဲ့သည် ဆင်ခြေရာ ကျေးရွာအုပ်စု ဥယျာဉ်ကုန်းကျေးရွာနှင့် သက်န်းလေးကျေးရွာတို့သို့ ရောက်ရှိခဲ့ကြသည်။

ဇွန်လ ၂၁ ရက်နေ့ နံနက်ပိုင်းက သက်န်းလေးကျေးရွာသို့ ရောက်ရှိရာ ကျေးရွာ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်လျက် ရှိသည်ကို တွေ့မြင်ခဲ့ရသည်။

မိမိတို့သတင်းအဖွဲ့သည် အဖွဲ့ခေါင်းဆောင်ဦးရဲဝင့်နိုင်အား ၎င်းတို့၏ ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းရာ "ဌာနချုပ် အစီအစဉ်ဖြင့် မိမိတို့ ပြည်နယ်နှင့်တိုင်း အသီးသီးမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ် ၂၇၆ ဦးကို အဖွဲ့ (၆)ဖွဲ့ခွဲ၍ ဖွဲ့စည်း စေလွှတ်ခဲ့ပါကြောင်း။

"အဖွဲ့ (၁) က လပွတ္တာမြို့နယ် လှိုင်းဘုန်းကျေးရွာ၊ အဖွဲ့ (၂) က ပြင်စလူမြို့၊ အဖွဲ့(၃)က ဆင်ခြေရာ ကျေးရွာအုပ်စု၊ အဖွဲ့ (၄)က စလူ ဆိပ်ကျေးရွာများမှာ အခြေပြုပြီး ကျန်အဖွဲ့ (၅)က ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီး ကျေးရွာနှင့် အဖွဲ့ (၆)က ဘိုကလေးမြို့နယ် စက်ဆန်း ကျေးရွာတို့၌ အခြေပြုကာ တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင် ပူပေါင်း ကူညီဆောင်ရွက်လျက်ရှိကြောင်း။

"မုန်တိုင်းဒဏ်ကြောင့် ဧရာဝတီတိုင်း ဒေသအချို့မှ ပြည်သူများ အခက်အခဲများ ကြုံတွေ့နေရသည့် အခြေအနေမျိုးတွင် မိမိတို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် လူငယ်များအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ယခုကဲ့သို့ ပူပေါင်းပါဝင် ကူညီဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း။

"မိမိတို့က အဖွဲ့အမှတ်(၃)ဖြစ်ပြီး ကချင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင် စုစုပေါင်း ၄၉ဦး ပါဝင်ကာ ဆင်ခြေရာ ကျေးရွာအုပ်စုရှိ ကျေးရွာများ၏ ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင် ပူးပေါင်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့နှင့်အတူ ပါဝင်သည့် ဆေးအဖွဲ့ကလည်း ကျေးရွာနေ ပြည်သူများ၏ ကျန်းမာရေး အတွက် ကာကွယ်စောင့်ရှောက်ပေးလျက်ရှိကြောင်း" ပြောကြားသည်။

အဖွဲ့ (၃) ခေါင်းဆောင်နှင့် တွေ့ဆုံမေးမြန်းနေစဉ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များ သက်န်းလေးကျေးရွာ ပြည်သူများ၏ အိမ်ရာများကို ဝိုင်းဝန်းပြုပြင် ဆောက်လုပ်နေသည်ကို လှမ်းမြင်နေရသည်။

ဆက်လက်၍ ရွာလမ်းအတိုင်း လျှောက်လာခဲ့စဉ် ပြိုလဲကျနေသော သစ်ပင်ကြီးများကို ရှင်းလင်းဖယ်ရှားနေသည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များအား တွေ့မြင်ရ၍ ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်မှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဦးသိန်းဌေးဦး။

အသင်းဝင် ဦးသိန်းဌေးဦးအား မေးမြန်းကြည့်ရာ "ဆင်ခြေရာကျေးရွာ အုပ်စုရှိ ကျေးရွာခြောက်ရွာသို့ မိမိတို့ အဖွဲ့ရောက်ရှိပြီးဖြစ်ကြောင်း၊ ထို ကျေးရွာများ၌ လမ်းများ ပိတ်ဆို့၍

လဲကျနေသော သစ်ပင်ကြီးများ၊ အိမ်များပေါ် ပိကျနေသော သစ်ပင်ကြီးများနှင့် ယိုင်နဲ့နေသော သစ်ပင်ကြီးများကို ခုတ်ထွင်ဖယ်ရှား ရှင်းလင်းပေးခဲ့ကြောင်း။

"ရှင်းလင်းပြီး အမှိုက်များကိုလည်း စနစ်တကျထားရှိပြီး ကျေးရွာများ အတွင်းနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ခြင်ဆေးဖျန်းခြင်းတို့ကို ပူးပေါင်းပါဝင် ကူညီပေးလျက်ရှိကြောင်း" ရှင်းပြသည်။

ထို့နောက်မိမိတို့ သတင်းအဖွဲ့သည် အဖွဲ့နှင့်အတူလိုက်ပါလာသည့် ဆေးအကာအကွယ်ပေးအဖွဲ့က ကျေးရွာနေ ပြည်သူများ၏ ကျန်းမာရေး ကာကွယ် စောင့်ရှောက်ပေးမှုများကို ကြည့်ရှုလေ့လာရာ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာဘရန်မိုင်က "၎င်းတို့ ရောက်ရှိပြီး ကျေးရွာများတွင် ကူးစက်ရောဂါ ဖြစ်ပွားမှု မရှိပါကြောင်း။ သာမန်ဝမ်းလျှော ဝမ်းကိုက်လူနာ၊ တုပ်ကွေးဖျားနာလူနာ၊ ထိခိုက်ပွန်းပဲ့ပြတ်ရှဒဏ်ရာ ရရှိသောလူနာများနှင့် ငါးနှစ်အောက်ကလေး အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများအား နေ့စဉ်ကုသပေး လျက်ရှိကြောင်း၊ ယနေ့ထိ လူနာ ၁၇၀ ကျော်ကို ဆေးဝါးကုသမှုပေးခဲ့ပြီးဖြစ်ကြောင်း" ရှင်းပြသည်။

ယင်းနောက် ရန်ကုန်အရှေ့ပိုင်း ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်ရေးရာ အဖွဲ့ဝင် တိုင်းရင်းဆေးဆရာ ဦးကျော်စိုးဦးက ၎င်းတို့ရောက်ရှိပြီး ကျေးရွာများ၌ နှာစေး၊ ချောင်းဆိုးရောဂါများနှင့် အဆစ်အမြစ်ရောင် ရောဂါများကုသပေးခဲ့ကြောင်းဖြင့် ရှင်းပြသည်။

ရန်ကုန်တိုင်း သာကေတမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးရဲကျော်ထွေး။

ဆက်လက်၍ မိမိတို့သတင်းအဖွဲ့သည် ယင်းကျေးရွာရှိ သောက်ရေကန်တွင် နုန်းများ ဆယ်ယူနေသောအဖွဲ့မှ ရန်ကုန်တိုင်း သာကေတမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် ဦးရဲကျော်ထွေးအား မေးမြန်းရာ "၎င်းတို့အဖွဲ့ ရောက်ရှိသည့်နေ့မှစ၍ ဆင်ခြေရာ ကျေးရွာ အုပ်စုရှိ ကျေးရွာများသို့ သွားရောက်ပြီး ကျေးရွာတစ်ရွာ ရေချိုတစ်ကန် အမြန်ဆုံးရရှိရေး ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ပထမဆင့် အနေဖြင့် ရေငန်ဝင် ရေချိုကန်များတွင်းမှ ရေများစုပ်ထုတ်ခြင်း၊ ဒုတိယဆင့် အမှိုက်များနှင့် နုန်းများ ရှင်းလင်းခြင်း၊ တတိယဆင့် ရှင်းလင်းပြီး ကန်များအတွင်း ထုံးဖြူးပေးခြင်းတို့ဖြင့် ရေကန်သန့်ရှင်းရေးကိုဆောင်ရွက်ကြောင်း၊ သန့်ရှင်းပြီး ရေကန်များ၌ မိုးရေခံပြီး ရေချိုအဖြစ် အသုံးပြုနိုင်သော်လည်း ကျန်းမာရေးအတွက် သန့်ရှင်းသော သောက်ရေရရှိရန် ဆေးခတ်ပေးခြင်းများကို မိမိတို့အဖွဲ့က ဆောင်ရွက်ပေးကြောင်း။"

ဆေးဝါးကုသပေး

ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဒေါက်တာဘရန်မိုင် သက်န်းလေးကျေးရွာရှိလူနာများအား ဆေးဝါးကုသပေးစဉ်။

"၎င်းတို့ အဖွဲ့ ကျေးရွာ (၆)ရွာ၌ ရေချိုရရှိရေး ဆောင်ရွက်ပြီးဖြစ်ရာ ယခု ယင်းကျေးရွာတို့၌ သန့်ရှင်းသော သောက်သုံးရေအဖြစ် အသုံးပြုနေပြီဖြစ်ကြောင်းနှင့် အခြားလိုအပ်သော တည်ဆောက်ရေးလုပ်ငန်းများ တွင်ပါ ပါဝင်ဆောင်ရွက်ပေးလျက် ရှိကြောင်း" ဖြင့် ရှင်းပြ ပြောကြားသည်။ ။

သက်န်းလေးကျေးရွာရှိ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသောနေအိမ်များကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များ ပြန်လည်တည်ဆောက်ပေးနေစဉ်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၆-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"သောတပန်ဂုဏ်ရည်" တရားတော် [ဆရာတော်အရှင်ဇဝန (မေတ္တာရှင်)]
၇း၅၅ - ၁း၅၅	Industrial Talk [ဒေါက်တာမင်းသိန်း၊ ဦးတင်အောင်ရွှေ(သုတေသီ)]
၈း၂၅ - ၂း၅၅	သီချင်းကောင်းကောင်းသီချင်းတောင်း
၈း၅၀ - ၂း၅၀	သမိုင်းထဲကမင်းရာမကြည်ညိုဖူးမြော်စေတီတော်
၉း၀၅ - ၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅ - ၃း၁၅	Midweek Sports News
၉း၃၀ - ၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅ - ၃း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀ - ၃း၄၀	ဖန်တီးရုပ်ကြွဗေဒါရိုးပစ္စည်းအလှ
၉း၅၅ - ၃း၅၅	မိုးလေဝသခန့်မှန်းချက်
၁၀း၀၀ - ၄း၀၀	ဦးနှောက်သွေးကြောပေါက်၍လေဖြတ်ခြင်းအကြောင်း (ပါမောက္ခဒေါက်တာမြင့်သိန်း၊ ဒေါက်တာကျော်စွာအောင်)
၁၀း၂၀ - ၄း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅ - ၄း၂၅	Celebrity Profile (Lဆိုင်းဇီနှင့် တွေ့ဆုံခြင်း)
၁၁း၀၀ - ၅း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀ - ၅း၁၀	ချောင်းမကြီး(မြို့လှ)ရေလှောင်တမံ (ပဲခူးတိုင်း)
၁၁း၂၀ - ၅း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅ - ၅း၂၅	Yangon Panorama
၁၁း၄၀ - ၅း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅ - ၅း၄၅	မျိုးဂုဏ်မြင့်စေမည့် မြန်မာ့ပန်းယွန်းပညာ
၁၁း၅၅ - ၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀ - ၆း၀၀	Myanmar Video Rhythm
၁၂း၂၅ - ၆း၂၅	တေးဂီတအစီအစဉ်
၁၂း၃၀ - ၆း၃၀	ဆုံးရှုံးမှုများမှသည်ဘက်စုံထူထောင်ရေးလုပ်ငန်းများဆီသို့ (မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အတည်ပြုချိန် ၃း၅၀

ရုရှားနှင့်ဘီလာရုစ် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရန် ကတိပြု

မော်စကို ဇွန် ၂၃

ဆိုဗီယက်ပြည်ထောင်စုမှ ခွဲထွက်လာခဲ့သောနိုင်ငံများဖြစ်သည့်ရုရှားနှင့် ဘီလာရုစ်တို့သည် နှစ်နိုင်ငံပေါင်းစည်းရေးကြိုးပမ်းနေကြစဉ် နှစ်နိုင်ငံသမ္မတများဖြစ်ကြသည့် ဒီမီထရီမက်ဗီဒက်ဗ်နှင့် အလက်ဇန္ဒြား လူကာချင်ကိုတို့သည် နှစ်နိုင်ငံ ဆက်ဆံရေးကို တိုးမြှင့်ရန် ကတိပြုကြသည်။

ထုတ်ပြန်

မက်ဗီဒက်ဗ်နှင့် လူကာချင်ကိုတို့သည် ပိုလန်နိုင်ငံနယ်စပ်ရှိ ဘီလာရမ်ရှန်း ဒုတိယကမ္ဘာစစ်ခံတပ်ဖြစ်သည့် ဘရက်(စ်)တွင် လက်မှတ်ရေးထိုးခဲ့ကြပြီး နှစ်နိုင်ငံဆက်ဆံရေး တိုးတက်မှုကို ကြိုဆိုဂုဏ်ပြုသောပူးတွဲကြေညာချက်ကို တနင်္ဂနွေနေ့က ထုတ်ပြန်သည်။

အဆိုပါ ခံတပ်သည် ၁၉၄၁ ခုနှစ်က ဆိုဗီယက်ပြည်ထောင်စုသို့ နာဇီဂျာမနီက ပထမဆုံးအကြိမ် ကျူးကျော်မှု အထိမ်းအမှတ်ဖြစ်သည်။

ရုရှားနှင့် ဘီလာရုစ် နှစ်နိုင်ငံပေါင်းစည်းရေး တိုးတက်ရန်၊ လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုခိုင်မာလာစေရန်၊လူသားချင်းစာနာမှုတိုးတက်လာစေရန်နှင့် နှစ်နိုင်ငံအတွင်းမှ ပြည်သူများ လူနေမှုအဆင့်အတန်း တိုးတက်စေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ထုတ်ပြန်သည့်ကြေညာချက်ကိုကိုးကား၍အီတာတပ်စ်သတင်းဌာနကဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

လေယာဉ်ဆီ သွင်းကုန်အခွန် ဗီယက်နမ်၌ လျှော့ချသွားမည်

ဟနွိုင်း ဇွန် ၂၃

နိုင်ငံတကာ လောင်စာဈေးနှုန်းမြင့်တက်နေသဖြင့် ပြည်တွင်းလေကြောင်းလိုင်းများ အရှုံးပေါ်မှုကို ထေမိစေရန် လေယာဉ်ဆီသွင်းကုန် အခွန်စည်းကြပ်မှုကို ဖယ်ရှားသွားရန် ဗီယက်နမ်ဘဏ္ဍာရေးဝန်ကြီးဌာနက ဇွန် ၂၁ရက်တွင် ဖော်ပြသည်။ လေယာဉ်ဆီသွင်းကုန် အခွန်လျှော့ချခြင်းကို ဇူလိုင်လဆန်းမှ စတင်၍ ကျင့်သုံးသွားမည်ဖြစ်သည်။

လေယာဉ်ဆီ လောင်စာဈေးနှုန်းသည် ယခုနှစ်တွင် ၈၀ရာခိုင်နှုန်းခန့် မြင့်တက်သွားသဖြင့် လေကြောင်းလိုင်းများ၏ ဝင်ငွေကို ထိခိုက်စေသည့်အဓိကအချက်ပင်ဖြစ်ကြောင်း ကျွမ်းကျင်ပညာရှင်များက ပြောကြားသည်။

ဗီယက်နမ်လေကြောင်းလိုင်းနှင့် ဂျက်စတားပစ္စိဖိတ်အပါအဝင်ပြည်တွင်းလေကြောင်းလိုင်းများအတွက် ယခုအခါ လေယာဉ်ပျံသန်းမှု ကုန်ကျစရိတ်စုစုပေါင်း၏ ၅၅ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိသည် လောင်စာစရိတ်ဖြစ်နေသည်။ ဘဏ္ဍာရေးဝန်ကြီးဌာနသည် လေယာဉ်ဆီ သွင်းကုန်အခွန်နှုန်းထားကို လွန်ခဲ့သည့် ရက်သတ္တပတ် လေးပတ်ကတည်းက ၁၀ရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းအထိ လျှော့ချထားသည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းတွင် ဖန်ရှန်းတိုင်ဖုန်းမုန်တိုင်းတိုက်ခိုက်စဉ် ခရီးသည် ၇၀၀ ကျော်နှင့်အတူ နစ်မြုပ်သွားသော ပရင့်စက်အော့ဖ်သည်စတားသင်္ဘောပျက်ကို ဇွန် ၂၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖိလစ်ပိုင်၌ မုန်တိုင်းတိုက်၍ ၂၂၉ ဦးသေဆုံး သင်္ဘောနစ်မြုပ်၍ ၇၀၀ ကျော် ပျောက်ဆုံးနေ

မနီလာ ဇွန် ၂၃

ပြီးခဲ့သောအပတ်က ဖိလစ်ပိုင်နိုင်ငံတွင် တိုင်ဖုန်းမုန်တိုင်း ဘေးအန္တရာယ် ကျရောက်ခဲ့ရာ ရေကြီးခြင်း၊ မြေပြိုခြင်း၊ လမ်းမများပေါ်သို့ ရေကျော်ခြင်းများ တွေ့ကြုံခဲ့ရပြီး ခရီးသည် ၇၀၀ ကျော် ပါသောသင်္ဘောတစ်စင်း နစ်မြုပ်ခြင်းတို့ကို သတင်း၌ ဖော်ပြထားသည်။

ထုတ်ပြန်ကြေညာ

ဖိလစ်ပိုင်နိုင်ငံကျွန်းစု၌ ဇွန် ၂၀ ရက် နေ့လယ်ပိုင်းကတည်းက တိုက်ခတ်ခဲ့သော ဖန်ရှန်းတိုင်ဖုန်းမုန်တိုင်းကြောင့် အနည်းဆုံး ၂၂၉ ဦး ထိ သေဆုံးပြီး သင်္ဘောတိမ်းမှောက်မှုကြောင့် ၇၀၀ ခန့်မှာ ပျောက်ဆုံးနေကြောင်းဖိလစ်ပိုင်နိုင်ငံ ကြက်ခြေနီနှင့်သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးအာဏာပိုင်များက ဇွန် ၂၂ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

မျှော်လင့်ချက်မရှိ

တိမ်းမှောက်သောသင်္ဘောမှာ ပရင့်စက်အော့ဖ်သည်စတား သင်္ဘောဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံ ရွှန်ဘလွန်ပြည်နယ်အလယ်ပိုင်း ကမ်းရိုးတန်းတွင် ဇွန် ၂၂ရက်က နစ်မြုပ်သွားသည်။ သင်္ဘောပေါ်၌ လိုက်ပါသွားသူ ၇၀၀ ကျော်၏ အသက်အန္တရာယ်မှာလည်း မျှော်လင့်ချက်မရှိဘဲ စိုးရိမ်နေရသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

ပျောက်ဆုံးနေ

နောက်ဆုံး အခြေအနေအရ ကမ်းခြေသို့ အသက်ရှင်လျက်ဖြင့် လေးဦးသာ ရောက်ရှိလာပြီး ကျန်ရှိသူများမှာ ယခုတိုင် ပျောက်ဆုံးနေကြောင်း ဖိလစ်ပိုင် ကမ်းခြေစောင့်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အာမန်ဘာလီရိုက ပြောကြားသည်။

သင်္ဘောစက်ပျက်စီးသွား

ဆူလ်ပီစီအိုသင်္ဘောလိုင်း၌ ပြေးဆွဲနေသောတန်ချိန်၂၃၀၀၀ရှိထိုသင်္ဘောသည် ဇွန် ၂၀ ရက်က လူ ၇၀၀ ကျော်တင်ဆောင်ပြီး မနီလာမြို့မှ ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း စီးဘူးသို့ ထွက်ခွာခဲ့သည်။ ယင်းသင်္ဘောသည် ဇွန် ၂၁ ရက်နေ့တွင် ပင်လယ်ထဲ၌ ဆိုးရွားသော ရာသီဥတုနှင့် ရင်ဆိုင်ရပြီး လှိုင်းလုံးကြီးများ ရိုက်ခတ်မှုနှင့် လေပြင်းများကြောင့် သင်္ဘောစက်ပျက်စီးသွားသည်ဟု သိရသည်။

ဖော်ပြထား

အခင်းဖြစ်ပွားရာနေရာသို့ ဖိလစ်ပိုင်ကမ်းခြေစောင့် ကယ်ဆယ်ရေးအဖွဲ့သည် ဇွန် ၂၂ရက်ကရောက်ရှိသွားရာ ၎င်းတို့သည် နစ်မြုပ်သွားခဲ့သည့် သင်္ဘော၏ဘေးပတ်ပတ်လည်၌ အသက်ရှင်ကျန်ရစ်သူများ၊ လူသေအလောင်းများ၊ သက်ကယ်အင်္ကျီများနှင့် အခြားသော သက်ကယ်ပစ္စည်းများကို မတွေ့ရှိရကြောင်း အမျိုးသားသတင်းဌာနဖြစ်သော အင်ကွာရာနက်ဝက်ဘ်ဆိုက်၌ ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ် ယင်ရှူမြို့ရှိ အဝေးပြေး လမ်းမတစ်ခု၌ ဥမင်လိုဏ်ဖောက်လုပ်နေသည်ကို ဇွန် ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မန်ချက်စတာ၌ ယာဉ်တိုက်မှုဖြစ်ပွား အမျိုးသမီး တစ်ဦးသေဆုံး

လန်ဒန် ဇွန် ၂၃

မန်ချက်စတာမြို့တွင် ကားတစ်စီးနှင့် အရေးပေါ်ရဲဌာနမှ ဗင်ကားတို့ တိုက်မိရာအမျိုးသမီးတစ်ဦးသေဆုံးပြီး ကလေးတစ်ဦးဒဏ်ရာရရှိကြောင်းရဲဌာနက ဇွန် ၂၁ရက်တွင် ပြောကြားသည်။အဆိုပါ ယာဉ်တိုက်မှုသည် ဆယ်လ်ဖော့ဒ်အရပ်တွင် သောကြာနေ့ မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အမျိုးသမီးမှာ ဆေးရုံ၌ သေဆုံးသွားသည်။

ယာဉ်မောင်းနှင့် ကလေးမှာလည်း ဒဏ်ရာအနည်းငယ်ရရှိပြီး ဆေးရုံသို့ တင်ထားရသည်။ ယာဉ်တိုက်မှုကိုရဲတပ်ဖွဲ့ကစုံစမ်းသွားမည်ဖြစ်ကြောင်းမန်ချက်စတာရဲတပ်ဖွဲ့က ပြောကြားသည်။ အသက် ၃၀ရှိ သေဆုံးသူ အမျိုးသမီးနှင့် အသက်ငါးနှစ်အရွယ်ရှိ တူမတို့သည် ကားနောက်ခန်းတွင် လိုက်ပါလာသည်။ ယာဉ်မောင်းသူမှာ ကလေးမကလေး၏ ဖခင်ဖြစ်ကြောင်း မန်ချက်စတာညနေခင်း သတင်းဝက်ဘ်ဆိုက်၌ ဖော်ပြထားသည်။

အဆိုပါ ယာဉ်တိုက်မှုတွင် ရဲအရာရှိနှစ်ဦးလည်း ဒဏ်ရာအနည်းငယ်စီ ရရှိသွားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမျိုးသမီးတစ်ဦး ဗုံးဖောက်ခွဲတိုက်ခိုက်၍ ဘဂ္ဂဒက်မြို့၌ ၁၅ ဦး သေဆုံးခဲ့ရ

ဘဂ္ဂဒက် ဇွန် ၂၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ဘက် စားသောက်ဆိုင် တစ်ဆိုင်၏ အပြင်ဘက် ရဲတပ်ဖွဲ့ဝင်များအကြား အမျိုးသမီးအသေခံဗုံးခွဲသမားတစ်ဦးက ဗုံးခွဲတိုက်ခိုက်ရာ ၁၅ဦးသေဆုံးပြီး ၃၅ ဦး ဒဏ်ရာရရှိကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောသည်။

ဒီယာလာပြည်နယ်၊ ဘာကူဘာမြို့တွင် အဆိုပါတိုက်ခိုက်မှု ဖြစ်ပွားခြင်းဖြစ်သည်။ ထိုဒေသတွင် အစိုးရတပ်ဖွဲ့များက ထိုးစစ်ဆင်သောကြောင့် လက်နက်ကိုင်အုပ်စုများသည် ငြိမ်သက်သွားရာ အယ်လ်ခိုင်ဒါ စစ်သွေးကြွများက တင်းမာမှုများ ကြီးထွားလာစေရန် ကြိုးစားလျက်ရှိသည်။

အမျိုးသမီးတစ်ဦးသည် ရဲတပ်ဖွဲ့ဝင်များကို ဖြတ်ကျော်လာပြီး ခန္ဓာကိုယ်တွင်ချည်နှောင်လာသည့် ပေါက်ကွဲရေးပစ္စည်းများကို ဖောက်ခွဲလိုက်ခြင်းဖြစ်ကြောင်း၊ အနားရှိ ကားများလည်း မီးလောင်သွားကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

အမ်အင်အေ၊ရိုက်တာ။

ပါကစ္စတန်နိုင်ငံ ကရာချိမြို့ရှိ ပန်းပုလုပ်ငန်းခွင်၌ ပညာသင်လူငယ်များအား ဇွန် ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြိုဆိုနှုတ်ဆက်စကား ပြောကြား

အာဆီယံ အတွင်းရေးမှူးချုပ် Dr.Surin Pitsuwan **မြန်မာနိုင်ငံ၌ ကျရောက်ခဲ့သည့် နာဂစ်မုန်တိုင်းအပြီး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် ပူးတွဲလေ့လာ သုံးသပ်ရေးဆိုင်ရာ အာဆီယံ စားပွဲဝိုင်းဆွေးနွေးပွဲတွင် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။** (သတင်းစဉ်)

သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ မြန်မာနိုင်ငံတွင် ကျရောက်ခဲ့သည့် နာဂစ်မုန်တိုင်းအပြီး ကယ်ဆယ်ရေး၊ ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေးအတွက် ပူးတွဲလေ့လာ သုံးသပ်ရေးဆိုင်ရာအာဆီယံစားပွဲဝိုင်းဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ၌ ကျရောက်ခဲ့သည့် နာဂစ်မုန်တိုင်းအပြီး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် ပူးတွဲလေ့လာသုံးသပ်ရေးဆိုင်ရာ အာဆီယံစားပွဲဝိုင်း ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇွန် ၂၄

မြန်မာနိုင်ငံတွင် ကျရောက်ခဲ့သည့် နာဂစ်မုန်တိုင်းအပြီး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် ပူးတွဲ လေ့လာသုံးသပ်ရေးဆိုင်ရာ အာဆီယံစားပွဲဝိုင်း ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ချတ်ထရီယံဟိုတယ် Grand Ballroom ၌ ကျင်းပသည်။

အဆိုပါ စားပွဲဝိုင်း ဆွေးနွေးပွဲသို့ အာဆီယံအတွင်းရေးမှူးချုပ် Dr. Surin Pitsuwan၊ ကုလသမဂ္ဂ ဒုတိယ အတွင်းရေးမှူးချုပ် အာရှနှင့် ပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် အမှုဆောင်အတွင်းရေးမှူး Ms. Noeleen Heyzer ၊ သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် သုံးပွင့်ဆိုင် ဗဟိုအဖွဲ့-အဖွဲ့ဝင်များ၊ သုံးပွင့်ဆိုင် ဗဟိုအဖွဲ့အောက်ရှိ လုပ်ငန်းအဖွဲ့တို့မှ တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများနှင့် အာဆီယံဆွေးနွေးဖက် နိုင်ငံများဖြစ်ကြသည့် ကိုရီးယား၊ တရုတ်နှင့် ဂျပန်နိုင်ငံတို့မှ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများ၊ သံရုံးအဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များ၊ ဘင်္ဂလားဒေ့ရှ်၊ဂျာမနီ၊အီတလီ၊ ပြင်သစ်၊ဗြိတိန်၊ အမေရိကန်၊အီဂျစ်၊ ဆွစ်ဇာလန်၊ချက်၊ ဆော်ဒီအာရေဗျနှင့် သြစတြေးလျနိုင်ငံတို့မှ သံတမန်များနှင့် ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများနှင့် နိုင်ငံတကာမှ ကူညီပံ့ပိုးမှုပေးသော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသောပုဂ္ဂိုလ်များတက်ရောက်ကြသည်။

စားပွဲဝိုင်းဆွေးနွေးပွဲတွင် ရှေးဦးစွာ အာဆီယံ အတွင်းရေးမှူးချုပ် Dr. Surin Pitsuwan က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် အာရှနှင့် ပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် အမှုဆောင် အတွင်းရေးမှူး Ms. Noeleen Heyzer က အမှာစကားပြောကြားသည်။

ထို့နောက် သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက မြန်မာနိုင်ငံတွင်နာဂစ်မုန်တိုင်းအပြီး အရေးယူ တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်မှုဆိုင်ရာ လက်ရှိ ဆောင်ရွက်ထားမှု အခြေအနေနှင့် စပ်လျဉ်း၍ပြောကြားရာတွင် နာဂစ်မုန်တိုင်း၏ အကျိုးသက်ရောက်မှုများအား လေ့လာသုံးသပ်ရန်နှင့်အတွေ့အကြုံများဖလှယ်ရန် ယခုစားပွဲဝိုင်း ဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း။

နာဂစ်မုန်တိုင်းကြောင့် ယနေ့အထိ လူပေါင်း ၈၄၅၃၇ ဦးသေဆုံးခဲ့ရပြီး ၅၃၈၃၆ ဦး ပျောက်ဆုံးကာ ၁၉၃၅၉ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း၊ ယင်းမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးရမှုအတိုင်းအတာမှာ မကြုံစဖူး ကြီးမားသော်လည်း မိမိတို့အနေဖြင့် မြန်ဆန်စွာ အရေးယူဆောင်ရွက်ခဲ့ပြီး ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သော အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီက ညှိနှိုင်းမှုအရပ်ရပ်ကိုပြုလုပ်ပေးလျက်ရှိကြောင်း၊မုန်တိုင်းသင့်ရာဒေသများ၌ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများကအနီးကပ်တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အရေးပေါ် အကူအညီအတွက် ကျပ်ငွေ ၂၇ဒသမ၆ ဘီလီယံ ခွဲဝေချထားပေးခဲ့ပြီးဖြစ်ကြောင်း၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏ အထူးလုပ်ငန်းတာဝန်မှာ အကဲဖြတ်သုံးသပ်ရန်နှင့် ပြန်လည်ထူထောင်ရေး အစီအစဉ်ကို ရေးဆွဲရန်ဖြစ်ကြောင်း၊ သို့ဖြစ်၍ သုံးပွင့်ဆိုင် ဗဟိုအဖွဲ့၏ အစည်းအဝေးများကို ပုံမှန်ကျင်းပလျက်ရှိကြောင်း။

မုန်တိုင်းသင့်ဒေသများတွင်ရှေ့ပြေး အကဲဖြတ် လေ့လာရေးအဖွဲ့နှစ်ဖွဲ့ကို ဇွန်၅ရက်မှ ၇ရက်အတွင်း ဖြန့်ကြက်ပေးခဲ့ကြောင်း၊ ယင်းအဖွဲ့နှစ်ဖွဲ့တွင် အာဆီယံ၏အရေးပေါ်လျှပ်တစ်ပြက် အကဲဖြတ်ရေးအဖွဲ့ (Emergency Rapid Assessment Team)၊မြန်မာအစိုးရအဖွဲ့နှင့် ကုလသမဂ္ဂတို့မှ ကျွမ်းကျင်သူပညာရှင်များ ပါဝင်ကြောင်း၊ မုန်တိုင်းအပြီးပူးတွဲအကဲဖြတ်လုပ်ငန်းအဖွဲ့၏ သတင်းအချက်အလက် ကောက်ယူမှုအဆင့်မှာ ယခုအခါ ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း။

ယနေ့ကျင်းပသော စားပွဲဝိုင်း ဆွေးနွေးပွဲ၏ဦးတည်ချက်မှာမုန်တိုင်းအပြီး ပူးတွဲအကဲဖြတ် လုပ်ငန်းအဖွဲ့က ကနဦးလေ့လာတွေ့ရှိချက်များကို ထောက်ပံ့ပေးနိုင်ရန်နှင့် ကဏ္ဍအလိုက် အကြံပြု တင်ပြနိုင်ရန်ဖြစ်ကြောင်း။

ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ် အာရှနှင့် ပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် အမှုဆောင်အတွင်းရေးမှူး Ms. Noeleen Heyzer မြန်မာနိုင်ငံတွင် ကျရောက်ခဲ့သည့် နာဂစ်မုန်တိုင်းအပြီး ကယ်ဆယ်ရေး၊ ပြန်လည် ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် ပူးတွဲလေ့လာသုံးသပ်ရေးဆိုင်ရာ အာဆီယံ စားပွဲဝိုင်း ဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဤဆွေးနွေးပွဲတွင် အာဆီယံနှင့် အခြားနိုင်ငံများ၏ အတွေ့အကြုံများကိုတင်ပြကြမည်ဖြစ်ကြောင်း၊အကြံပြုချက်များပေါ်ထွက်လာခြင်းဖြင့်အာဆီယံလူသားချင်း စာနာထောက်ထားမှု အထူးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကြိုးပမ်းမှုများအတွက်အကြံပြုနိုင်မည်ဖြစ်ကြောင်း ဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် စားပွဲဝိုင်းဆွေးနွေးပွဲ အစုအဖွဲ့(၁)၏ နာဂစ်မုန်တိုင်းအပြီး ပူးတွဲအကဲဖြတ်အဖွဲ့မှ ပဏာမလေ့လာ တွေ့ရှိချက်များ ဆွေးနွေးပွဲကို ကျင်းပရာ သဘာပတိအဖြစ် သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးကျော်သူက ဆောင်ရွက်ပြီး သုံးပွင့်ဆိုင်ဗဟိုအဖွဲ့- အဖွဲ့ဝင် အာဆီယံကိုယ်စားလှယ် Dr.Puji pujiono က နာဂစ်မုန်တိုင်းအပြီး ပူးတွဲအကဲဖြတ်ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ကျေးရွာအုပ်စု အကဲဖြတ်ရေး အဖွဲ့ (VTA)မှ Mr. Richard Belwitt နှင့် Mr. Yves Kim Creach တို့က ကယ်ဆယ်ရေးနှင့် ဆောလျင်စွာ ပြန်လည်ထူထောင်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပျက်စီးဆုံးရှုံးမှုများနှင့် ပျောက်ဆုံးမှု အကဲဖြတ်ရေးအဖွဲ့ (DALA) မှ Mr. Raja Rehan Arshad က ပျက်စီးမှုနှင့် ဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍လည်းကောင်းဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်း ဆွေးနွေးချက်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည် ရှင်းလင်း ဖြေကြားဆွေးနွေးကြကာ စားပွဲဝိုင်း ဆွေးနွေးပွဲ နံနက်ပိုင်း အစီအစဉ်များကို ရပ်နားသည်။

ထို့နောက် စားပွဲဝိုင်းဆွေးနွေးပွဲ မွန်းလွဲပိုင်း အစီအစဉ်များကို မွန်းလွဲ ၁ နာရီခွဲတွင် ပြန်လည်ကျင်းပရာ အစုအဖွဲ့(၂)၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် ပြင်ဆင်ဆောင်ရွက်ခြင်းနှင့် အရေးယူတုံ့ပြန်ခြင်းဆိုင်ရာ နိုင်ငံများ၏ အတွေ့အကြုံများ ဆွေးနွေးပွဲကိုကျင်းပရာ သဘာပတိအဖြစ် သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ အဖွဲ့ဝင်အာဆီယံကိုယ်စားလှယ် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr.Robert Chua Hian Kong က ဆောင်ရွက်ပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံမှ Mr. Heru Prasetyo နှင့် Mr.Suprayoga Hadi၊ ထိုင်းနိုင်ငံမှ Mr.Maitree Jangkraijug၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံမှ Mr. K.H Masud Shiddiqui နှင့် ပါကစ္စတန်အစ္စလာမ့်စ် သမ္မတနိုင်ငံမှ Lt. Gen. Nadeem Ahmed တို့က ကဏ္ဍအလိုက် အတွေ့အကြုံများကို ဆွေးနွေးကြကာ တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ဖြေကြားဆွေးနွေးကြသည်။

ဆက်လက်၍ စားပွဲဝိုင်းဆွေးနွေးပွဲ အစုအဖွဲ့(၃)၏ နာဂစ်မုန်တိုင်းအပြီး မဟာဗျူဟာမြောက် ဆောင်ရွက်ရန် အဆင့်များဆိုင်ရာ ဆွေးနွေးပွဲကို ကျင်းပရာ သဘာပတိအဖြစ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအထူး လုပ်ငန်းအဖွဲ့(HTF) ဥက္ကဋ္ဌအာဆီယံ အတွင်းရေးမှူးချုပ် Dr. Surin Pitsuwan က ဆောင်ရွက်ပြီး ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးမှူး Mr.Daniel Baker က ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်(UNDP)ဌာနေ ကိုယ်စားလှယ်နှင့် ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူး Mr.Bishow Parajulli က ဆောလျင်စွာပြန်လည် ထူထောင်ရေး ရှုထောင့် အမြင်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အာဆီယံမှ ကျွမ်းကျင်သူပညာရှင် Mr. Raja Rehan Arshad က ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးဆိုင်ရာ ဖြစ်ပေါ်လာနိုင်မည့် မဟာဗျူဟာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အကျယ်တဝင့် ဆွေးနွေးကြပြီး နာဂစ်မုန်တိုင်းအပြီးပူးတွဲအကဲဖြတ်လုပ်ငန်း အဖွဲ့(PONJA) အစီရင်ခံစာဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ကုလသမဂ္ဂ လက်ထောက် အတွင်းရေးမှူးချုပ် (အငြိမ်းစား) ဦးထွန်းမြတ်ကလည်း ပါဝင်ဆွေးနွေးသည်။

ယင်းနောက် အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံ လူသားချင်း စာနာ ထောက်ထားမှုဆိုင်ရာ အထူးလုပ်ငန်းအဖွဲ့ (ASEAN-HTF) ဥက္ကဋ္ဌ Dr.Surin Pitsuwan က သဘာပတိအဖြစ်ဆောင်ရွက်၍တက်ရောက်လာကြသူများကနာဂစ်မုန်တိုင်းအပြီးကယ်ဆယ်ရေးပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးတို့နှင့် စပ်လျဉ်း၍ ပွင့်ပွင့်လင်းလင်း ပါဝင်ဆွေးနွေးကြပြီး ညနေပိုင်းတွင် အာဆီယံ စားပွဲဝိုင်း ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

တရားမအထူးအယူခံမှု စီရင်ချက်ချမှတ်

နေပြည်တော် ဇွန် ၂၄

တရားရုံးချုပ်(ရန်ကုန်)ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ်(ရန်ကုန်)တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဒေါက်တာတင်အောင်အေးနှင့်ဦးတင်အေးတို့ ပါဝင်သောအထူးအယူခံခုံရုံးသည်ယမန်နေ့နံနက် ၁၀ နာရီတွင် တရားရုံးချုပ်(နေပြည်တော်)တရားခွင် အမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု(၅)မှုကို စီရင်ချက်ချမှတ်သည်။ထို့အပြင်၂၀၀၀ပြည့်နှစ် တရားစီရင်ရေးဥပဒေ ပုဒ်မ ၇ အရ တင်သွင်းသည့် ပြစ်မှုဆိုင်ရာ အထူးအယူခံမှု(၆)မှုကို ကြားနာကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။
* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ **မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်**

☆ **BBC ညာနေသည်**
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

☆ **အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား**

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

လူနေအိမ်များ

ဖျာပုံမြို့နယ် ကဒုံကနီ ကျေးရွာ၌ အိုးအိမ်မဲ့ လေဘေးသင့်ပြည်သူများအတွက် **CB Bank** ဥက္ကဋ္ဌ ဦးခင်မောင်အေးက လှူဒါန်းပြီး ဒဂုန်ဆောက်လုပ်ရေးအဖွဲ့မှ တာဝန်ယူဆောက်လုပ်လျက်ရှိသည့် လူနေအိမ်များကို တွေ့ရစဉ်။ (သတင်းစဉ်)



ကိုင်းသောင်ကျေးရွာ၌ ကျောင်းများဖွင့်လှစ်
ကျောင်းသား၊ကျောင်းသူ ၄၇၅ ဦး သင်ကြားလျက်ရှိ

ရန်ကုန် ဇွန် ၂၄

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ပြင်စလူမြို့ ကိုင်းသောင်ကျေးရွာ အခြေခံပညာတွဲဖက် အလယ်တန်းကျောင်းနှင့် မူလတန်းကျောင်းတို့ကို ဇွန် ၁၆ရက်က စတင် ဖွင့်လှစ်ခဲ့ပြီး ယနေ့အထိ မူလတန်း ကျောင်းသား၊ ကျောင်းသူ ၃၄၅ ဦးနှင့် အလယ်တန်း ကျောင်းသား၊ ကျောင်းသူ ၁၄၀ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၄၈၅ ဦး ပညာသင်ကြားလျက် ရှိကြောင်း သိရသည်။ (သတင်းစဉ်)